
www.dhammadownload.com




# ပထမဇောအကျိုးပေးပုံ

## မိလက္ခတိဿရဟန်း

၁၇

ဟောကြားသည့်နေ့

၄ - ၃ - ၅၉

ကျေးဇူးတော်ရှင်မဟာထေရ် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ် (၃၀) မှ ထုတ်နုတ်ပုံနှိပ်ပါသည်။

www.dhammadownload.com

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်က
ဤစာအုပ်ကို ရိုက်နှိပ်ထုတ်ဝေပါသည်။

အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့
တွင် ရနိုင်ပါသည်။

ဖုန်း - ၅၄၁၈၆၀ ၊ ၇၂၅၁၃၂

www.dhammadownload.com

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

မိုးကုတ်မြို့၌ဟောကြားတော်မူသောတရားတော်

# လောက်လန်းသဖွယ်

# ဝိညာဉ်တွယ်

(၂၄-၅-၆၂)

www.dhammadownload.com

စာမူခွင့်ပြုချက်အမှတ် - ၅၈/၉၅ (၂)

**ထုတ်ဝေသူ** ဦးအောင်ချို (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ** ဦးဝင်းအောင် (မြ ၀၅၁၃၁)၊
သန်းထိုက်ရတနာပုံနှိပ်တိုက်၊
အမှတ် ၈၄/၈၆၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

မိုးကုတ်ယောဂီများအတွက်သာ ထုတ်ဝေပါသည်။

www.dhammadownload.com

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ ဟောကြားသော တရားတော်

# လောက်လန်းသဖွယ် ဝိညာဉ်တွယ်

(၂၄-၅-၆၂)

ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟောကြားသည်လို့ ဒကာဒကာမတွေက မှတ်ထားရမယ်နော် (မှန်ပါ့ဘုရား)၊ ဘုန်းကြီးဟောတယ်လို့ မမှတ်ပါနဲ့ ဘုန်းကြီးကတစ်ဆင့် ပြောတာ မှတ်ကြပါ။

ဒကာဒကာမတွေကို ယနေ့ရှင်းပေးရမှာက ဝိညာဏ်ကို ရှင်းပေးမယ်လို့ မှတ်ကြပါ။

ဒကာဒကာမတွေမှာ ဒီအယူရှိနေတယ်၊ ဝိညာဏ် ပြောင်းတယ်လို့ အယူရှိကြတယ်၊ ဝိညာဏ်ကလေးဟာ

www.dhammadownload.com



တွယ်စရာမရှိသေးလို့ မချုပ်သေးဘူးတဲ့၊ ဒီလိုလည်း ပြောလေ့ဆိုလေ့ ရှိကြတယ်၊ ပိုက်ဆံကလေး ထည့်လိုက်မှ ဝိညာဏ်ကလေးဟာ ထွက်သွားတယ်၊ ဝိညာဏ်ဟာ စိတ်ပေါ့လေနော် (မှန်လှပါဘုရား)။

အဲဒီတော့ ဒီဝိညာဏ်ကလေးဟာ ထွက်သွားတယ်လို့ ဆိုသဖြင့် ထွက်သွားတယ်ဆိုတော့ သူက ဒီနေရာမကောင်းလို့ ဟိုနေရာပြောင်းတဲ့ အဓိပ္ပါယ်ရောက်ပါတယ် (မှန်လှပါဘုရား)။

## ဝိညာဏ်ပြောင်းတယ်လို့ယူရင်

ရောက်တော့ ဒါဟာ ဒကာဒကာမတွေက မှတ်လိုက်ပါ၊ သဿတဒိဋ္ဌိအယူရှိတဲ့ ပုဂ္ဂိုလ်လို့ မှတ်လိုက်ပါ။ (မှန်လှပါဘုရား)။

ဘယ်လိုမှတ်မလဲ (သဿတဒိဋ္ဌိအယူရှိတဲ့ ပုဂ္ဂိုလ်ပါ)၊ သဿတဒိဋ္ဌိအယူရှိတဲ့ ပုဂ္ဂိုလ်လို့ ဒကာဒကာမတွေ မှတ်ထားပါ။

ဝိညာဏ်ပြောင်းသွားပြီ၊ ဝိညာဏ်ကလေး ထွက်သွားပြီလို့ မောင်မြတို့ မောင်အောင်ချိတို့။ ဦးအောင်ဇံဝေတို့ ယူလို့ရှိရင် ဘာဒိဋ္ဌိတုန်း (သဿတဒိဋ္ဌိပါ) သဿတဒိဋ္ဌိလို့ မှတ်ထားလိုက်စမ်းပါ။

၀

www.dhammadownload.com



ဝိညာဏ်ကို တချို့ကလည်း အသက်လုပ်ထားတယ်၊ အသက်ထွက်သွားတယ်၊ အခုနေ ဘယ်များသွားပြီး ထွက်ပါလိမ့်မတုံးဆိုတဲ့ဥစ္စာသည် သဿတဒိဋ္ဌိလို့ ဦးအောင်ဖေကမှတ်လိုက်စမ်းပါ (မှန်ပါ့)၊ ဝိညာဏ်၏ အနိစ္စကို သူမရှင်းလို့ ဖြစ်ရတဲ့အဖြစ်။

ဘယ်လိုမှတ်ကြမယ် (ဝိညာဏ်၏ အနိစ္စကို မရှင်းလို့ ဖြစ်ရတဲ့အဖြစ်ပါဘုရား)၊ ဝိညာဏ်၏ အနိစ္စကို မရှင်းလို့ ဖြစ်ရတဲ့အဖြစ်လို့ နောက်က ဒကာဒကာမတွေ သေသေချာချာမှတ်ပါ (မှန်ပါ့ဘုရား)။

ဝိညာဏ်၏ အနိစ္စမရှင်းလို့ရှိရင် ဦးမြရေ သဿတဒိဋ္ဌိပဲ၊ ဗုဒ္ဓဘာသာတွေမှာ ဖြစ်နေတဲ့ သဿတဒိဋ္ဌိ ရှင်းကြပလား (ရှင်းပါပြီဘုရား) ဘာပါလိမ့် (ဗုဒ္ဓဘာသာတွေမှာ ဖြစ်နေတဲ့ သဿတဒိဋ္ဌိပါဘုရား)။

## ဘာသာက ဗုဒ္ဓဘာသာ အယူကတော့ ဒိဋ္ဌိအယူ

ဘာသာကတော့ ဗုဒ္ဓဘာသာပဲ (မှန်ပါ့)၊ အယူကတော့ ဒိဋ္ဌိဖြစ်နေသေးတယ် (မှန်ပါ့)။

အယူက ဒိဋ္ဌိဖြစ်ပြီးသကာလ ဖြစ်နေကြတော့ ဒါကြောင့် ဘုန်းကြီးက ဒကာဒကာမတွေကို ဝိညာဏ်ဆိုတဲ့ စိတ်ကို အရှုခိုင်းနေတာ၊ အဲဒါ မောင်အောင်ချီတို့၊ လှညွန့်

www.dhammadownload.com



တို့က မှတ်၊ ဝိညာဏ်နဲ့စိတ်ဟာ အတူတူပဲနော် (မှန်ပါ့)။ စက္ခုဝိညာဏ်ကော စိတ်ပဲ. . . (မှန်ပါ့)။ သောတ ဝိညာဏ်ဆိုတာကော (စိတ်ပါပဲဘုရား)၊ မနော ဝိညာဏ်ဆိုတဲ့ လောဘ, ဒေါသ, မောဟတွေကော (စိတ်ပါပဲဘုရား)။

အဲဒါမှတ်ထားလိုက်တော့ မင်းတို့ရှုထားတဲ့ ပုဂ္ဂိုလ်ကျတော့ ပျက်တာ၊ ဘယ်ပြောင်းစရာ ရှိမလည်းဆိုတာ ပေါ်လာတယ် (ပေါ်လာပါတယ်ဘုရား)

ရှုတဲ့ ပုဂ္ဂိုလ်ကျတော့ ပြောင်းသေးသလား (မပြောင်းပါ)။ ဟိုသွား၊ ဒီသွား, သွားနိုင်သေးရဲ့လား (မသွားနိုင်ပါဘုရား)၊ မသွားနိုင်ပါဘူးတဲ့၊ ပြောင်းကိုပြောင်းနိုင်တာ မဟုတ်ပါဘူး။

ကိုင်း. . ဒါဖြင့် ဆရာဘုန်းကြီးက ဦးအောင်ဇံဝေလည်း ဝိညာဏ်အရှုခိုင်းတာပဲ . . (မှန်ပါ့)၊ စက္ခုဝိညာဏ်, သောတဝိညာဏ်မပါဘူးလား (ပါ-ပါတယ်ဘုရား)၊ မနော ဝိညာဏ်ဆိုတဲ့ လောဘ, ဒေါသ, မောဟ၊ အလောဘ, အဒေါသ, အမောဟတွေကော (ပါ-ပါတယ်ဘုရား)၊ ဒါတွေကို အရှုခိုင်းတာ။

ဪ. . . ဘာ့ကြောင့် အရှုခိုင်းနေပါလိမ့်မလဲ ဆိုတော့ ယနေ့တရားမှာ ပေါ်သွားပြီ (ပေါ်သွားပါပြီဘုရား)၊ မပေါ်ကြသေးဘူးလား (ပေါ်ပါပြီဘုရား)။

www.dhammadownload.com



# အသက်ထွက်သွားတယ်လို့ယူရင် သဿတဒိဋ္ဌိ

ဝိညာဏ်အပေါ်မှာ နဂိုက၊ ခင်ဗျားတို့ ဝိညာဏ်ပြောင်းတယ်လို့ အယူရှိတယ်၊ အသက်ကလေးထွက်သွားတယ်လို့ အယူရှိတယ်၊ သဘောကျပလား (ကျပါပြီဘုရား) ဘာဒိဋ္ဌိတုံး. . . (သဿတဒိဋ္ဌိပါဘုရား)။

ဒါဖြင့် ဝိညာဏ်အပေါ်မှာ သဿတဒိဋ္ဌိရှိတော့ ဩော်. . . ဝိညာဏ်ဆိုတာစိတ်၊ စိတ်ပေါ်မှာ ဒိဋ္ဌိအများဆုံးဆိုတာ ပေါ်သွားပြီ (မှန်ပါ့) မပေါ်သေးဘူးလား (ပေါ်ပါပြီဘုရား)။

နောက်က ဒကာဒကာမတွေ ဘယ်အပေါ်မှာ ဒိဋ္ဌိများပါလိမ့် (စိတ်ပေါ်မှာ ဒိဋ္ဌိများပါတယ်ဘုရား)။

ကဲ. . . ဒါ့ကြောင့် သောတာပန်တည်ချင်ရင် ဒိဋ္ဌိဖြုတ်ရမယ်ဆိုသောကြောင့် အခုလာသံရွေ့ ဒကာ ဒကာမတွေကို စိတ္တာနုပဿနာ ပေးနေတယ်လို့ မှတ်လိုက်စမ်းပါ (မှန်ပါ့)၊ ကဲ. . . မရှင်းကြသေးဘူးလား (ရှင်းပါပြီဘုရား)။

စိတ္တာနုပဿနာပေးနေတယ်၊ စိတ်ဆယ့်နှစ်မျိုးပဲပေးတယ်၊ ဘယ်သူလာလာ (မှန်ပါ့)။

www.dhammadownload.com



## စိတ်ပေါ်မှာဒိဋ္ဌိအများဆုံး

ဘာ့ကြောင့် ဦးအောင်ဇေဝ ဒါ. . . ပေးနေရပါလိမ့် မလဲဆိုတာတော့ အဓိပ္ပါယ်ရှင်းသွားပြီ (ရှင်းပါပြီ)၊ စိတ်ပေါ် မှာ ဘာများနေသတုံး (ဒိဋ္ဌိများနေပါတယ်ဘုရား)၊ ပထမ မဂ်လိုချင်ရင် ဘာဖြုတ်ရမှာတုံး (ဒိဋ္ဌိဖြုတ်ရမှာပါဘုရား)။

ဒါဖြင့် ပထမမဂ်လိုချင်လို့ရှိရင် ဒိဋ္ဌိဖြုတ်ရမှာ ဖြစ်နေ တော့ ဒိဋ္ဌိခံနေလို့ရှိရင်ဖြင့် ရပါဦးမလား (မရပါဘုရား)။

မရနိုင်တော့ ဩော်. . . ဒါ့ကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဝိညာဏ်ပေါ်မှာ ဒိဋ္ဌိအများဆုံး ဟော့. . . ဆိုတော့ အခုရှုခိုင်းနေတာလည်း မောင်အောင်ချို တို့ လှညွှန့်တို့ အရှုခိုင်းထားတယ်၊ ဦးအောင်ဇေဝ ရှုနေတယ်၊ ခင်ဗျားတို့ ကိုယ်တိုင် ရှုကြည့်တော့ မျက်လုံးထဲ မြင်တဲ့ ဝိညာဏ်ကလေးဟာလည်း ပျက်သွားတာပဲ၊ မြင်ပြီး ပျက်တာပဲ (မှန်ပါ) ကြားတဲ့သောတဝိညာဏ်ကလေးကကော (ကြားပြီးပျက်ပါတယ်)၊ ကြားပြီး၊ ပျက်တာပဲ၊ ဘယ်မှာတုံး ပြောင်းစရာရှိရဲ့လား . . . (မရှိပါဘုရား)။

ဝမ်းထဲရှိတဲ့ မနောဝိညာဏ်ကလေးတွေကော (မရှိပါ) လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ အမောဟ ကလေးတွေလည်း မင်းတို့ရှုကြ၊ အတွင်းဆွေ့သည် လည်း ရှုကြဟော့ဆိုပြီး အရှုခိုင်းတော့ ပြောင်းနိုင်စရာရှိမလား၊ ဒီနေရာမှာ ပေါ်ပြီး ဒီနေရာမှာပဲ ပျက်တာတွေကြပလား

www.dhammadownload.com



(ဒီနေရာမှာ ပေါ်ပြီး ဒီနေရာမှာ ပျက်တာ တွေ့ကြပါတယ် ဘုရား)။

ဒီနေရာပေါ် ဒီနေရာပျက်တာ တွေ့ကြတော့ ဩော်. . . ဒါဖြင့် အသက်ထွက်သွားပြီ၊ ဝိညာဏ်ချုပ်သွားပြီ၊ ယခုအခါဘယ်များရောက်နေပါလိမ့်မလဲ 'လောက်လမ်းသဖွယ် ဝိညာဏ်တွယ်' . . . ဆိုတဲ့ ရှေးစကားတွေကလည်း ရှိနေတော့ ဟိုမှာ ခိုစရာမရှိသေးလို့ မောင်မြင့်ဒီက မချုပ်သေးဘူးတောင် ပြောတယ် ဝိညာဏ်က (မှန်ပါ့) ဘယ်လောက်ဆိုးသတုံး (ဆိုးပါတယ်)၊ ပျက်တာ ပါသေးရဲ့လား. . (မပါပါဘုရား)၊ ဒါဖြင့် ဘာဒိဋ္ဌိဖြစ်နေသတုံး (သဿတ ဒိဋ္ဌိ ဖြစ်နေပါတယ်ဘုရား)။

ဘာဘူ သဘောကျပလား (မှန်ပါ့)၊ သဘောကျအောင် လုပ်ကြစမ်းပါ၊ နောက်က ဒကာ ဒကာမတွေ နားမလည် မရှိပါစေနဲ့၊ ရှေးစကားကပေမယ့် ဦးမြရေ. . ဒိဋ္ဌိဘက်သွားတာ မနည်းပါဘူး (မှန်ပါ့)။

## လောက်လမ်းသဖွယ်ဝိညာဉ်တွယ်

'လောက်လမ်းသဖွယ် ဝိညာဉ်တွယ်' ဆိုတဲ့ဥစ္စာက လောက်လမ်းဆိုတာ ဒီဘက်က တွယ်ပြီးသကာလထားတယ်၊ ဟိုဘက်က အတွယ်မရသေးခင် ဒီကမလွှတ်သေးဘူး၊ အဲဒီ

www.dhammadownload.com



တော့ သူတစ်တန်းတည်း သွားတယ်ဆိုတဲ့ အဓိပ္ပါယ်မရောက်ဘူးလား (ရောက်ပါတယ်ဘုရား) ဘာဒိဋ္ဌိဖြစ်နေသတုံး. . . (သဿတ ဒိဋ္ဌိဖြစ်နေပါတယ်ဘုရား)။

အဲဒီတော့ ဝိညာဏ်ဆိုတဲ့စိတ်ကို ဝိပဿနာမရှုတဲ့ ပုဂ္ဂိုလ်မှာဖြင့် ဒီရှေးပေါရာဏ အယူကြီးတည်းဟူသော ဒိဋ္ဌိဟာဖြင့်ရှိနေမှာပဲလို့ ဦးမြတို့ နယ်လှည့်နေတဲ့ ပုဂ္ဂိုလ်တွေ တွေ့ရပါလိမ့်မယ် (မှန်ပါ့)၊ ဘာဒိဋ္ဌိရှိနေတာတုံး . . . (သဿတ ဒိဋ္ဌိရှိနေတာပါဘုရား)၊ ဒကာ ဒကာမတွေ ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

## နှစ်ခုသော အကြောင်းကိုစွဲ၍ ဝိညာဏ်ဖြစ်တယ်

ကိုင်း . . . ဒါဖြင့် ဝိညာဏ်ကို ဘုရားသခင် ကိုယ်တော်မြတ်ကြီး သေသေချာချာဟောမယ်ကွာ. . . တဲ့၊ ဒွယံ ဘိက္ခဝေ ပဋိစ္စ ဝိညာဏံ၊ ဘိက္ခဝေ=ရဟန်းတို့၊ ဒွယံ=နှစ်ခုသောအကြောင်းကို၊ ပဋိစ္စ=စွဲ၍၊ ဝိညာဏံ=ဝိညာဏ်သည်၊ သမ္ဘောတိ=ဖြစ်၏။ ဝိညာဏ်ဆိုတာ နှစ်ခုသော အကြောင်းကြောင့် ဖြစ်တယ်ကွာတဲ့၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

မျက်လုံးဝိညာဏ်လည်း ဘယ်နှစ်ကြောင်းလည်း (နှစ်ကြောင်းပါ)၊ နားဝိညာဏ်ကော (နှစ်ကြောင်း)၊ ကြားစိတ်ကလေးပေါ့လေနော် (မှန်ပါ့)၊ မနောဝိညာဏ်ကော (နှစ်ကြောင်းပါပဲ)၊ နှစ်ကြောင်းပဲ။

www.dhammadownload.com



'ဒွယံ ဘိက္ခဝေ ပဋိစ္စ ဝိညာဏံ' ဝိညာဏ်ဆိုတာဟာ . . . တဲ့ နှစ်ကြောင်းကြောင့်ဖြစ်တာလို့ မှတ်လိုက်စမ်းပါ (မှန်ပါ့ဘုရား)။

ကိုင်း . . . ဒါဖြင့် နှစ်ကြောင်းကြောင့်ဖြစ်တာရှင်း-မရှင်းသိရအောင် မျက်လုံးကန်းနေတဲ့ ပုဂ္ဂိုလ်မှာလည်း ဘယ်လိုဖွင့်ဖွင့် မောင်အောင်ချီ မြင်ပါ့မလား (မမြင်ပါဘုရား)၊ ဟိုက အဆင်းဆိုတဲ့ အဖြူ၊ အနီ၊ အကြောင်၊ အကျားက မရှိရင်လည်း မြင်ပါ့မလား (မမြင်ပါဘုရား)။

ဒါဖြင့် ဒီအထဲမှာ မျက်လုံးအကြည်ရယ် စက္ခုပသာဒဆိုတဲ့ မျက်လုံးအကြည်ရုပ်ကလေးရယ်၊ ဟိုက အဆင်းရယ် တည့်တဲ့အခါကျတော့ မြင်တယ်ဆိုတဲ့ စိတ်ကလေးပေါ်တယ် (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒီက အကြည်ရုပ်ရယ် ဟို . . . ဖြူ၊ နီ၊ ကြောင်၊ ကျားဆိုတဲ့ အဆင်းရယ် နှစ်ခုတည့်မှ ကြားထဲမှာ 'ဖျတ်' ခနဲ မြင်စိတ်ကလေးပေါ်တယ်ဆိုတော့ အကြောင်းဘယ်နှစ်မျိုး ရှိသတုံး (နှစ်မျိုးပါဘုရား)။

အကြောင်းက ဒီအထဲမှာ မျက်လုံးအကြည်ရုပ်တစ်ကြောင်း၊ ဟိုက အဆင်းရုပ်တစ်ကြောင်း (မှန်ပါ့)၊ ဤနှစ်ကြောင်းတည့်တဲ့အခါမှာ ဘာပေါ်သတုံး (မြင်စိတ် ပေါ်ပါတယ်ဘုရား)။ စက္ခုဝိညာဏ်ဆိုတဲ့ ဝိညာဏ်ကလေး

www.dhammadownload.com



ပေါ်တယ် (ဝါ) မြင်စိတ်ပေါ်တယ်၊ ရှင်းပလား (ရှင်းပါပြီ ဘုရား)။

## နှစ်ခုသောအကြောင်းကြောင့်ဖြစ်တယ်

ဒါကြောင့် ဘုရားက 'ဒွယံ ဘိက္ခဝေ ပဋိစ္စ ဝိညာဏံ' တဲ့ ရှင်းကြပလား (ရှင်းပါပြီဘုရား) ဘိက္ခဝေ=ရဟန်းတို့၊ ဒွယံ-နှစ်ခုသော အကြောင်းကို ဆိုတော့ ဒီအတွင်းက အကြည် ရုပ်တစ်ကြောင်း ဟိုအပြင်ဘက်က အဆင်းတစ်ကြောင်း ဆိုတာ ပဋိစ္စ=စွဲ၍၊ သူတို့နှစ်ခု ပေါင်းမိယင် ဝိညာဏံ= မြင်တတ်တဲ့ ဝိညာဏ်, ကြားတတ်တဲ့ ဝိညာဏ်, တွေးတတ် တဲ့ ဝိညာဏ်သည်၊ သမ္ဘောတိ=ဖြစ်၏၊ သြော်. . . ဒွယံ ဘိက္ခဝေ ပဋိစ္စ ဝိညာဏံကို။

ဒါဖြင့် ရှင်းပြစမ်းပါဦးဘုရားလို့ဆိုတော့ ကထဉ္စ ဘိက္ခဝေ ဒွယံ ပဋိစ္စ ဝိညာဏံ၊ ဘယ်လိုဖြစ်တယ်ဆိုတာ ငါ. . . သေသေချာချာ ရှင်းပြပါမယ်ကွာတဲ့၊ ဟော. . . စက္ခုံ စ ဆိုတော့ မျက်လုံးအကြည်ရုပ်ကလေးနော် (မှန်ပါ)။

'ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ'ဆိုတော့ ဟိုဘက်က ဖြူ, နီ, ကြောင်ကျား တစ်ခုခုမရှိပေဘူးလား . . . (ရှိပါတယ်ဘုရား)၊ စက္ခုံ စ=အကြည်ရုပ်ကိုလည်းကောင်း၊ ရူပေ စ = အဆင်းရုပ် တို့ကိုလည်းကောင်း၊ ပဋိစ္စ=စွဲ၍၊ ဝိညာဏံ=မြင်တတ်တဲ့ ဝိညာဏ် သည်, ကြားတတ်တဲ့ ဝိညာဏ်သည်, တွေးတတ်တဲ့

www.dhammadownload.com



ဝိညာဏ်သည်၊ ဥပ္ပဇ္ဇတိ-ဖြစ်၏၊ ရှင်းပလား (ရှင်းပါပြီဘုရား)၊ ဒါဖြင့် ဝိညာဏ်ဖြစ်ပုံ သေချာပြီနော် (သေချာပါပြီဘုရား)။

အဲဒီတော့ မင်းတို့ကို ငါရေးပေးထားတာက ဆယ့်နှစ်ခုရှိတယ်၊ ဝိညာဏ်ချည်း ဆယ့်နှစ်ခုရှိတယ်၊ အဲဒီ ဆယ့်နှစ်ခုဟာ အကြောင်းနှစ်ကြောင်းကြောင့် ဖြစ်တယ်လို့ မှတ်ထားလိုက်စမ်းပါ (မှန်ပါ့ဘုရား)။

ဆယ့်နှစ်ခုစလုံး မနက်က ရေးပေးထားတာနော်၊ မောင်မြင့်တွေ့တယ်မဟုတ်လား (တွေ့ပါတယ်ဘုရား)၊ အဲဒါက ဘယ်နှစ်ကြောင်းကြောင့် ဖြစ်သတုံး (နှစ်ကြောင်းကြောင့် ဖြစ်ပါတယ်)၊ တစ်ခုတစ်ခုမှာ နှစ်ကြောင်း နှစ်ကြောင်းကြောင့် ဖြစ်တယ် (မှန်ပါ့ဘုရား)။

ဦးမြတစ်ခုတစ်ခုမှာ (နှစ်ကြောင်းနှစ်ကြောင်းကြောင့် ဖြစ်ပါတယ်) နှစ်ကြောင်း-နှစ်ကြောင်းကြောင့် ဖြစ်တယ်လို့ သိတော့ ဟောဒီအထဲမှာလဲ အသံမပါပါဘူးမောင်အောင်ချို၊ ဒီဘက်လက်ထဲမှာလဲ အသံမပါပါဘူးနော်၊ ဒီလိုရိုက်လိုက်တဲ့ အခါ ဘယ့်နှယ်ကြောင့် အသံဖြစ်သတုံးဆိုတော့ သူတို့နှစ်ခု ထိခိုက်ခြင်းကြောင့် ပေါ်တဲ့အသံမဆိုနိုင်ဘူးလား(ဆိုနိုင်ပါတယ်ဘုရား)။

နဂိုက ဒီအထဲ အသံပါရဲ့လား (မပါ-ပါ)၊ ညာလက်ထဲကော (မပါ-ပါ)၊ ဘယ်လက်ထဲ (မပါ-ပါ)၊ ရိုက်လိုက်တဲ့

www.dhammadownload.com



အခါကျတော့ (အသံဖြစ်ပါတယ်)၊ ဒါဖြင့်သူတို့နှစ်ခု ထိခိုက်လို့ ပေါ်လာတာပဲ (မှန်ပါ့ဘုရား)။

ဒီအတိုင်းပါပဲတဲ့ ဒီကမျက်လုံးအကြည်ရုပ်နဲ့ ဟိုက အဆင်းနဲ့ တည့်နေတဲ့အခါမှာ မြင်တယ်ဆိုတာကလေးပေါ်လာတယ် သဘောကျပလား (ကျပါပြီဘုရား)။

ဒါဖြင့် မြင်တယ်ဆိုတာကလေး ပေါ်လာတာဟာ ဒီမျက်လုံးအကြည်ရုပ်နဲ့ အဆင်းနှစ်ခု ထိခိုက်မှ ပေါ်တယ်လို့ ဆိုတာ သေချာပလား (သေချာပါပြီဘုရား)။

ဒါဖြင့် သူတို့နှစ်ခုက နည်းနည်းတောင် ရှေးကျတယ်၊ (မှန်ပါ့)၊ မြင်တဲ့စိတ် ပေါ်တာက နောက်ကျတယ် (မှန်ပါ့ဘုရား)။

သူတို့နှစ်ခုပေါ်နှင့်တာက (ရှေးကျပါတယ်)၊ ဦးမြ မြင်စိတ်ပေါ်တာကော (နောက်ကျပါတယ်ဘုရား)။

ဒါကြောင့် ခင်ဗျားတို့ ညွှတ်တဲ့အခါကျတော့ ပုရေဇာတမစ္စယော = ရှေးဖြစ်၍ ကျေးဇူးပြုတယ်ဆိုတာ သူတို့နှစ်ခုက ကျေးဇူးပြုတယ်လို့ မြင်စိတ်ကလေးပေါ်တာပါဆိုသူက ပုရေဇာတပစ္စည်းဖြစ်သွားတယ်၊ ဒီနှစ်ခုစလုံးက (မှန်ပါ့)၊ သဘောကျရဲ့လား (ကျပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ဒီဝိညာဏ်ကလေးဟာ ပေါ်တယ်တဲ့၊ ကဲ. . . ပေါ်တာပေါ်ပါစေတော့ ပေါ်တော့ ဒီအထဲက

www.dhammadownload.com



အကြည်ရုပ်ကလေးလည်း ရုပ်ဆိုတော့ မင်းတို့သိပြီးသား သူလည်း အနိစ္စပဲ၊ မနေဘူးလား (နေပါတယ်)၊ ရုပ်ဟာ အနိစ္စပဲ၊ ဒီအဆင်းဟာ ကိုယ့်အဆင်းကိုယ်ကြည့်တော့လည်း အဆင်းရုပ်ကကော ဘာဆိုကြမယ် (အနိစ္စပါဘုရား)။

## အနိစ္စနှစ်ခုကြောင့်ဖြစ်တဲ့ဝိညာဏ်

ဟာ. . . ဒါဖြင့် အနိစ္စနှစ်ခုကြောင့်ဖြစ်တဲ့ ဝိညာဏ် အနိစ္စ (မှန်ပါ့)၊ သဘောကျပလား (ကျပါပြီဘုရား)။

အနိစ္စနှစ်ခုကြောင့်ဖြစ်တဲ့ (ဝိညာဏ်အနိစ္စပါ) ရှင်းပြီ နော် (ရှင်းပါပြီဘုရား)။

အဲဒီတော့ကို ဖြစ်စေတတ်တဲ့ အကြောင်းနှစ်ခုကို ဒီကအကြည်ရုပ်ရယ်, အဆင်းရုပ်ရယ်ဖြစ်စေတဲ့ အကြောင်း နှစ်ခုကိုက အနိစ္စတရား ဖောက်ပြန်တတ်တဲ့တရား ဟုတ်လား. . . (မှန်ပါ့)။

တစ်ပါးသောသဘောနဲ့ ဖြစ်တတ်တဲ့တရားဆိုတော့ သူတို့က ဖောက်ပြန်ပျက်စီးတတ်တဲ့ တရားဖြစ်သောကြောင့် ဖြစ်စေတဲ့အကြောင်းကိုက ဖောက်ပြန်ပျက်စီးတတ်တဲ့ တရား နှစ်ခုဖြစ်သောကြောင့် အကျိုးဖြစ်တဲ့မြင်စိတ်ကလေး, ကြားစိတ်ကလေး တွေးစိတ်ကလေးဟာ မင်းတို့ ဘယ်လိုဆိုကြမတုံး (အနိစ္စပါ)၊ သဘောကျပလား (ကျပါပြီဘုရား)။

www.dhammadownload.com



အကြောင်းနှစ်ခုတို့က အနိစ္စမို့ သူကဖြစ်စေတဲ့ အကျိုးဝိညာဏ်ကလေးကို ဘယ်နှယ်ခေါ်ကြမလဲ (အနိစ္စပါ) ရှင်းကြရဲ့လား (ရှင်းပါတယ်ဘုရား)။

ဩော်. . . ဒါဖြင့် ဝိညာဏ်ဟာ ပြောင်းနိုင်တယ် ရွှေ့နိုင်တယ်လို့ဆိုတဲ့ သဘောဟာက ဦးမြရှင်းသွားပါပြီ (ရှင်းပါပြီ)၊ သူ့ကိုဖြစ်စေတဲ့အကြောင်းနှစ်ခုကိုက ဘာတဲ့ (အနိစ္စပါ) ဒါဖြင့် ဖြစ်စေတဲ့ အကျိုးဝိညာဏ်ကလေးကို ဘယ်လို ခေါ်ကြမယ် (အနိစ္စပါဘုရား)။

## ဖြစ်စေတဲ့အကြောင်း အနိစ္စ၊ ဖြစ်တဲ့ဝိညာဏ် အနိစ္စ

"ယောပိ ဟေတု ယောပိ ပစ္စယော ဝိညာဏဿ ဥပ္ပါဒါယ၊ သောပိ အနိစ္စော"ဖြစ်စေတဲ့အကြောင်းကိုက အနိစ္စမို့ ဖြစ်တဲ့ ဝိညာဏ်ကလေး ဘယ့်နှစ်ခေါ်ကြမလဲ . . . (အနိစ္စပါ ဘုရား)။

ဒါကြောင့် ဘုန်းကြီးက ရှင်းအောင် ပြောစမ်းပါရစေ တော့ ဒကာ ဒကာမတွေ ရှင်းသည်ထက် ရှင်းအောင် ပြောရလို့ရှိရင်ဖြင့် မောင်အောင်ချီ အမေဟာ အနိစ္စ၊ အဖေဟာ ကော (အနိစ္စပါဘုရား)၊ မင်းကို အမေ-အဖေ အနိစ္စက မွေးတော့ကို မောင်အောင်ချီတစ်ကိုယ်လုံးထဲ ဘာတွေများ

www.dhammadownload.com



ရှိသတုံးမေးရင် (အနိစ္စပါပဲဘုရား)။

ဦးမြအနိစ္စရှိမှာပဲ၊ဘာဖြစ်လို့တုံး ဖြစ်စေတဲ့ အမေ-အဖေကိုက (အနိစ္စပါ)၊ သားကျမှ နိစ္စဖြစ်ချင်လို့ (မရပါ)၊ ဒီအတိုင်းပါပဲ၊ ပိုရှင်းမသွားဘူးလား (ရှင်းသွားပါတယ်ဘုရား)။

အဲဒီတော့ ကျုပ်မှဖြစ်ရလေခြင်းလို့ဆိုကြမလားတဲ့၊ အနိစ္စမျိုးမို့ အနိစ္စဖြစ်တယ်လို့ဆိုကြမလား (အနိစ္စမျိုးမို့ အနိစ္စဖြစ်ပါတယ်)၊ ပေါ်ပလား (ပေါ်ပါပြီဘုရား)။

အနိစ္စမျိုးမို့ အနိစ္စဖြစ်တယ်ဆိုတာ ဒကာ ဒကာမတွေက ရှင်းပလား (ရှင်းပါပြီ)၊ ကျုပ်ဖြင့် မျက်လုံးအောက်များ ဒီလိုဖြစ်သွားမှာ ကြောက်လိုက်တာလို့များ ကြောက်မနေနဲ့ အနိစ္စမျိုးကလာရင် အနိစ္စလာမှာပဲ (မှန်ပါ့ဘုရား)။

ဘယ့်နှယ်တုံး (အနိစ္စအမျိုးကလာရင် အနိစ္စလာမှာပါပဲ)၊ အနိစ္စပဲလာလိမ့်မယ်ဆိုတာ မှတ်ထားလိုက်စမ်းပါ။

## အနိစ္စကို လိုချင်သေးရင်၊ ငိုရဦးမယ်

ဒါကြောင့် ခင်ဗျားတို့ အနိစ္စ မမုန်းဘဲနဲ့ အနိစ္စ မရွံ့ဘဲနဲ့ အနိစ္စကိုလိုချင်နေသရွေ့ကာလပတ်လုံး ငိုရဦးမယ်, ရင်ထုရဦးမယ်ဆိုတာ ဦးမြဟောပြီ (မှန်ပါ့)၊ မဟောသင့်ဘူးလား (ဟောသင့်ပါတယ်ဘုရား)။

www.dhammadownload.com



အနိစ္စမမုန်း, အနိစ္စကို မလိုချင်တဲ့ဉာဏ် မရသေး သရွေ့ကာလပတ်လုံး ခန္ဓာတွေဖြစ်ပြီး အနိစ္စတွေရနေမှာပဲ (မှန်ပါ့ဘုရား)၊ အနိစ္စတွေရနေတုန်း ငိုကြ ယိုကြတဲ့ ကိစ္စတွေ ရပ်စဲပါ့မလား (မရပ်စဲပါဘုရား)။

ဒါဖြင့် ဒီ ဒကာ ဒကာမတွေမှာ အနိစ္စကနေပြီး မောင်မြင့်နိစ္စဘက်ကို ကူးချင်တဲ့ဉာဏ်လာမှသာလျှင် ခင်ဗျားတို့သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ ချုပ်မယ် (မှန်ပါ့)၊ ဦးမြရှင်းပလား (ရှင်းပါပြီဘုရား)။

အနိစ္စကနေပြီး နိစ္စဘက်ကူးတဲ့ဉာဏ်လာမှသာလျှင် သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ ဘာတုံး (ချုပ်ပါတယ်)၊ ချုပ်မယ်ငြိမ်းမယ်ဆိုတာ ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

အဲဒီတော့ မင်းတို့ အခု လွမ်းမနေကြနဲ့ဆိုတာ ပြော လိုက်ပါတယ်၊ ကိုယ့်သားမယား, ကိုယ့်သားသမီးကလေးတွေ ချစ်လိုက်တာ, ခင်လိုက်တာလွန်လို့ ဖြုန်းခနဲများ မတော် တဆ ဖြစ်သွားမှာများ ကျုပ်ဖြင့် မတွေးရက်ပါဘူး။

အို. . . ဒီလိုလုပ်မနေနဲ့ မောင်အောင်ချိုရဲ့ မောင်မြင့် ဒီလိုလုပ်မနေနဲ့ မင်းတို့က ဘာတုံး . . . (အနိစ္စပါ)၊ မင်းတို့၏ ခင်ပွန်းမတွေကော (အနိစ္စပါ)၊ သူတို့က မွေးလာတာကလေး ဟာ ဘာကလေးတွေ မွေးမယ်ထင်ကြသတုံး (အနိစ္စပါ ဘုရား)။

www.dhammadownload.com



ဒါကြောင့် မျက်လုံးအောက်များ မမြင်ပါရစေနဲ့ မမြင်ပါရစေနဲ့လို့ လုပ်မနေစမ်းပါနဲ့၊ ရိပ်မိပလား (ရိပ်မိပါပြီ)၊ ဘာ့ကြောင့်တုံးလို့ မေးတဲ့အခါကျတော့ မပေါ်ကြသေးဘူးလား (ပေါ်ပါပြီ) ဘာတုံး (အနိစ္စပါ)၊ အနိစ္စအမေ၊ အဖေက မွေးလာတော့ ဘာကလေး မွေးလာသတုံး (အနိစ္စကလေး မွေးလာပါတယ်ဘုရား)။

ဒါဖြင့် သူတို့အလျင်ဦးလို့ရှိရင်လည်း အနိစ္စအလျင် ကျမှာပေါ့၊ မျက်လုံးကများဖြင့် ဦးမြကြီးက မတွေ့ချင်ပါဘူးလို့ ညည်းချင်သေးသလား (မညည်းပါဘုရား)၊ မညည်းဘူး ရှင်းပြီနော် (ရှင်းပါပြီဘုရား)။

အဲဒီတော့ ဒကာ ဒကာမတွေက သေခြင်းသေရင် ကိုယ်အလျင်သေပါရစေများ လာလိုက်သေးတယ်၊ အံမာ. . . ဘယ့်နှယ်မပြောကြဘူးလား (ပြောပါတယ်ဘုရား)။

## သေခြင်းသေရင်၊ ကိုယ်အရင်သေပါရစေ

သေခြင်းသေရင် ဘာတဲ့ကိုယ်အလျင်သေပါရစေ၊ သူတို့ လူလားမမြောက်တဲ့ လူကလေးတွေကဖြင့် လူပြည်အကြောင်း ကောင်းကောင်းသိအောင် နေရစ်ပါစေတဲ့၊ လောကွတ် သိပ်ချော်ပါလား (မှန်ပါ့ဘုရား)၊ ဦးမြ သိပ်လောကွတ်ချောတာ။

www.dhammadownload.com



အဲဒါ အခုပြောခဲ့တဲ့ "ဒွယံ ဘိက္ခဝေ ပဋိစ္စ ဝိညာဏံ" ကို သူနားမလည်လို့ (မှန်ပါ)၊ ဒွယံ=နှစ်ပါးသော အကြောင်း ကို ပဋိစ္စ=စွဲ၍၊ ဝိညာဏံ = ဝိညာဏ်သည်၊ ဟောတိ= ဖြစ် ၏။ ဟုတ်လား (မှန်ပါ)။

အဲဒီတော့ ဒီအကြည်ရုပ်ကလေးကလည်း ဝိညာဏ် ကို ဖြစ်စေတာပဲ၊ အဆင်းရုပ်ကကော (ဝိညာဏ်ဖြစ်စေတာ ပါပဲဘုရား)၊ သူတို့ကိုက အနိစ္စတရား။

ဖြစ်စေတဲ့အကြောင်းနှစ်ခုကို ဘာဆိုကြမယ်(အနိစ္စ တရားပါ)၊ ဒါဖြင့် ဖြစ်ပေါ်လာတဲ့အကျိုးကို ဘာဆိုကြမယ် (အနိစ္စတရားပါဘုရား)။

ဒါဖြင့် ဒီ ဒကာဒကာမတွေမှာ ခင်ဗျားတို့ သန္တာန် ဆိုတဲ့ ဝိညာဏ်တွေ ဟူသရွေ့ဟာဖြင့် အကြောင်းနှစ်ကြောင်း ကြောင့်ဖြစ်သောကြောင့် သူတို့ကို ဘာခေါ်ကြမယ် (အနိစ္စပါ)။

ဒါဖြင့် အနိစ္စ အကြောင်းကြောင့်ဖြစ်စေ အနိစ္စပဲ ပေါ်လာမှာပဲ၊ အနိစ္စ ရမှာပဲလို့ မသိကြဘူးလား (သိပါတယ် ဘုရား)။

ဒါကလေး ဟောလိုက်ရတာ ဘုန်းကြီး ဒီနေ့ သိပ် ဝမ်းသာပါတယ်၊ ဘာဖြစ်လို့ အရှင်ဘုရား ဒါဟောတာ ဝမ်း သာပါလိမ့်မတုံးဆိုတော့ မြင်စိတ်ကလေး ဘယ်နှစ်ကြောင်း

www.dhammadownload.com



ကြောင့် ဖြစ်သတုံး (နှစ်ကြောင်းကြောင့်ဖြစ်ပါတယ်ဘုရား)။

အင်း. . . သိကြား, ဗြဟ္မာ, ဘုရားလာပြီး ဖန်ဆင်းတာ ဟုတ်သေးရဲ့လား (မဟုတ်ပါ)၊ ဒီအထဲက ဝိစိကိစ္ဆာ စင်သွားပြီ (မှန်ပါ့)။

ဝိစိကိစ္ဆာ ဘယ့်နှယ်တုံး (စင်သွားပါပြီဘုရား)၊ သံသယရှိသေးရဲ့လား (မရှိတော့ပါဘုရား)။

## မြင်စိတ်၊ ဘယ်ကလာပါလိမ့်

ဒီ မြင်စိတ်ကလေးဟာ ဘယ်ကများ လာပါလိမ့် (ဒီနှစ်ကြောင်းကြောင့်ဖြစ်ပါတယ်ဘုရား) ဒီနှစ်ကြောင်းက လုပ်လိုက်တယ် (မှန်ပါ့)။

ကောင်းပြီ ဒါဖြင့် နှစ်ကြောင်းက လုပ်တာသိသဖြင့် ဘယ်က လာပါလိမ့်မလဲဆိုတဲ့ ဝိစိကိစ္ဆာ သံသယကလေး ရှိသေးရဲ့လား (မရှိပါ) မရှိရင် ဒါဖြင့် မင်းတို့နေရာကျပြီ၊ ဝိစိကိစ္ဆာသေပြီ (မှန်ပါ့)။

ဒါကလေးဟာ အကြောင်းကဖြစ်စေတဲ့ ဝိညာဏ်ကလေးဆိုတော့ အကြောင်းကိုက အနိစ္စမို့ ဝိညာဏ်ကလေးဟာလည်း ဘယ့်နှယ်ဆိုကြမလဲ (အနိစ္စပါဘုရား)။

ဒါ သိလိုက်တဲ့ အခါကျတော့ ခိုင်မြဲတာ ရှိသေးရဲ့လား (မရှိပါဘုရား)၊ ဒီကျတော့ ဒိဋ္ဌိပြုတ်တယ် (မှန်ပါ့)။

www.dhammadownload.com



အကြောင်းနှစ်ခု သိတုန်းက ဝိစိကိစ္ဆာပြုတ်တယ် (မှန်ပဲ့)၊ သူ ပျက်တာပဲလို့ သိလိုက်တော့ ဒိဋ္ဌိပြုတ်တယ်။

အကြောင်းနှစ်ခု သိတုန်းက (ဝိစိကိစ္ဆာဖြုတ်ပါတယ် ဘုရား)။ အကြောင်းနှစ်ခုကိုက အနိစ္စမို့ သူက ဖြစ်စေတဲ့ အကျိုးတရား ဝိညာဏ်ကလေးဟာလည်း အနိစ္စပဲလို့ သိလိုက်တော့ ဘာပြုတ်သွားသတုံး (ဒိဋ္ဌိပြုတ်သွားပါတယ် ဘုရား)။

ကိုင်း. . . ဒကာ ဒကာမတွေ ဒိဋ္ဌိဝိစိကိစ္ဆာပြုတ်နည်းကို ဟောချင်လို့ဘုရား ဒီပါဠိတော်ထုတ်လာတာ (မှန်ပဲ့)၊ ရှင်းကြပလား(ရှင်းပါပြီဘုရား)။

ကဲ. . . မောင်မြင့်တို့ ကျေနပ်ပလားကွ (ကျေနပ်ပါပြီဘုရား)၊ မင်း မြင်စိတ်ကလေး ပေါ်တာ ဘယ်နှစ်ကြောင်းတုံး. . . (နှစ်ကြောင်းပါ) အဆင်းလည်းရှိလို့ မျက်လုံးကို အကြည်ရုပ်လည်း ရှိလို့. . . (မှန်ပဲ့)။

## မှန်နှင့်အရိပ်ဥပမာ

လောကီ ဥပမာဆိုတော့ မှန်လည်းရှိလို့ လူလည်းရှိလို့ အရိပ်ပေါ်တာပဲ (မှန်ပဲ့)၊ မဟုတ်ဘူးလား၊ ရှေ့ကလည်း လူရပ်လို့ ဟိုကလည်း မှန်ရှိလို့သာ ကြားထဲမှာ အရိပ်ပေါ်တာ မဟုတ်လား (မှန်ပဲ့)၊ ဒီနှစ်ကြောင်းမရှိဘဲနဲ့ ဒီအရိပ်ဘယ့်နှယ်လုပ် ပေါ်မလဲ (မပေါ်နိုင်ပါဘုရား)။

www.dhammadownload.com



ဒီမှာလည်း အရိပ်နဲ့ဟာ စိတ်နဲ့တူတယ် (မှန်ပါ့)၊ ဟိုက အဆင်းတည်းဟူသော မှန်နဲ့ ဒီက မျက်လုံးအကြည်ရုပ်တည်းဟူသောရုပ်နဲ့ သွားတည့်တဲ့အခါ မြင်စိတ်ဆိုတဲ့ စိတ်ကလေးဟာ အရိပ်ပေါ်သွားတာပဲ (မှန်ပါ့)၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် မင်းတို့ မြင်စိတ်ကလေး ဘယ်သူ့ကြောင့် ပေါ်သတုံး (နှစ်ကြောင်းကြောင့် ပေါ်ပါတယ်)၊ ကြားစိတ်ကလေး (နှစ်ကြောင်းကြောင့်ပါဘုရား)။

ကဲ. . . သွားကြပါတော့ကွာ. အပြင်ဩည့်သည် ငါးယောက်ဟာ (အကြောင်းနှစ်ကြောင်းကြောင့်ပါဘုရား)၊ အတွင်းဩည့်သည်ငါးယောက် (အကြောင်းနှစ်ကြောင်းကြောင့်ပါဘုရား)၊ အိမ်သည်နှစ်ယောက် (အကြောင်းနှစ်ကြောင်းကြောင့် ပေါ်ပါတယ်)၊ အကြောင်းနှစ်ကြောင်းကြောင့် ပေါ်တာပဲ မင်းတို့ရေးထားတယ် (မှန်ပါ့)။

## ဒါတွေသိရင် ဝိစိကိစ္ဆာသေတယ်

. . ဒီလိုသိတော့ ဩော်. . . မြင်စိတ်ကလေးတွေဟာ ဒီနှစ်ကြောင်းချည်းပဲ၊ ကြားစိတ်လည်း နှစ်ကြောင်း၊ အကုန်အတွင်းဩည့်သည်၊ အပြင်ဩည့်သည်၊ အိမ်သည် မောင်မြင့်ဘယ့်နှယ်ကြောင်းကြောင့် ပေါ်သလဲ (နှစ်ကြောင်းကြောင့်

www.dhammadownload.com



ပေါ်ပါတယ်)၊ သူ့ဟာသူ နှစ်ကြောင်းချည်းပဲ လာတယ် (မှန်ပါ့)။

ဒါ သိလိုက်သဖြင့် မောင်အောင်ချို ဘာသေသွား သတုံး (ဝိစိကိစ္ဆာသေပါတယ်ဘုရား)၊ ဘယ်က လာပါလိမ့် မတုံးဆိုတဲ့ဥစ္စာ ရှိသေးရဲ့လား (မရှိပါဘုရား)။

ဘယ်က လာပါလိမ့်မတုံးဆိုတာ ဝိစိကိစ္ဆာပါ၊ ဒါရှိ သေးရဲ့လား (မရှိပါ)၊ ဝိစိကိစ္ဆာရှိလို့ရှိရင် ဝိစိကိစ္ဆာဟာ မောဟ မှတ်လိုက်ပါ (မှန်ပါ့)။

ဝိစိကိစ္ဆာဘာတုံး (မောဟပါဘုရား)၊ မင်းတို့အထဲ မောဟစိတ်ပဲ၊ အဲဒီမောဟ ဆိုလို့ရှိရင် အဝိဇ္ဇာပဲ၊ သဘောကျ ပလား (ကျပါပြီဘုရား)။

အဲဒီတော့ အဝိဇ္ဇာပစ္စယာ (သင်္ခါရာပါဘုရား)၊ သင်္ခါရပစ္စယာ (ဝိညာဏံပါဘုရား)၊ ဟော. . . မင်းတို့ ဝိစိ ကိစ္ဆာရှိရင်ပဲ ပဋိစ္စသမုပ္ပါဒ် တန်းသွားပြီ မတန်းသေးဘူးလား. . . (တန်းပါတယ်ဘုရား)၊ ကဲ. . . ဦးမြ ကျေနပ်ပလား. . . (ကျေနပ်ပါပြီဘုရား)။

ဝိစိကိစ္ဆာဟာမောဟမဟုတ်လား (မှန်ပါ့)၊ မောဟပဲ မောဟဆိုတော့ ဒီဟာကလေးက ဘယ့်နှယ်ကြောင့် ဖြစ်ပါ လိမ့်မတုံးလို့ ဝမ်းထဲမှာ ကြံစိတ်ကလေး ဘယ့်နှယ့်ကြောင့် ဖြစ်ပါလိမ့်မတုံး၊ ကျုပ်တွေးလည်း မတွေးဘဲနဲ့ အစရှိသည်နဲ့

www.dhammadownload.com



ဒကာ ဒကာမတွေမှာ ပြောချင် ပြောတတ်တယ် . . . (မှန်ပါ) မပြောဘူးလား (ပြေပါတယ်)၊ အဲဒါ ဘယ်သူကလာတယ် ထင်သတုံး၊ ဝိစိကိစ္ဆာကလာတယ်၊ ရှင်းပလား (ရှင်းပါပြီ ဘုရား)။

ဝိစိကိစ္ဆာဟာ လောဘလား၊ ဒေါသလား၊ မောဟ လား (မောဟပါဘုရား)၊ ဒါဖြင့် မောဟဆိုရင် အဝိဇ္ဇာပဲ၊ အဝိဇ္ဇာပစ္စယာ (သင်္ခါရပါဘုရား)၊ သင်္ခါရပစ္စယာ (ဝိညာဏံ ပါဘုရား)။

ကဲ. . . ဦးအောင်ဇံဝေ ဝိစိကိစ္ဆာ သေးသေးလား၊ ဟိုဘက်ဝိညာဏ်ကျအောင် သွားသလား (ဝိညာဏ်ကျ အောင် သွားပါတယ်ဘုရား)၊ ဦးမြကြီး ကဲ. . . သေးသေးဆို မလား၊ ကြီးကြီးဆိုမလား (ကြီးကြီးပါဘုရား)။

ဒါကြောင့် ဘုရားက ဝိစိကိစ္ဆာကြောက်တယ် ဟော တာပေါ့နော်. . . (မှန်ပါ)၊ အပါယ်ရောက်အောင် ပို့လိုက်တယ်၊ ပဋိသန္ဓေ ဝိညာဏ်, အပါယ်ဝိညာဏ်ပေါ်လာပါတယ်ဆိုတာ ကျေနပ်ပလား (ကျေနပ်ပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ယနေ့အပါယ်သွားမည့် ဝိစိကိစ္ဆာ မောဟရှိသေးရဲ့လား (မရှိတော့ပါ)၊ ဒါဖြင့် မင်းတို့ကြားစိတ် ကလေးဘယ်နှစ်ကြောင်းကြောင့် ပေါ်သတုံး (နှစ်ကြောင်း ကြောင့် ပေါ်ပါတယ်ဘုရား)။

www.dhammadownload.com



# ဝိစိကိစ္ဆာသေရင်အဝိဇ္ဇာချုပ်တယ်

နားထဲက အကြည်ရုပ်ရယ်, ဟိုက အသံရယ်တိုက်ပြီး တော့မှ ကြားတယ်ဆိုတာ ပေါ်လာတာ (မှန်ပါ့) ဒီနှစ်ကြောင်းကြောင့် ပေါ်လာတယ်ဆိုတော့ ဘာသေသွားသတုံး (ဝိစိကိစ္ဆာသေပါတယ်ဘုရား)၊ ဒါဖြင့် အဝိဇ္ဇာချုပ်တယ်၊ သဘောကျပလား (ကျပါပြီဘုရား)။

အဝိဇ္ဇာချုပ်ကတည်းက သင်္ခါရလာနိုင်သေးရဲ့လား (မလာနိုင်ပါဘုရား)၊ သင်္ခါရမလာနိုင်ကတည်းက နောက် ပဋိသန္ဓေဝိညာဏ်ကော (မလာနိုင်ပါဘုရား)၊ ဒီလိုပါကလား ဆိုတာ ကျေနပ်သွားပလား (ကျေနပ်သွားပါပြီဘုရား)။

ဘယ်လောက်အဖိုးတန်သွားသတုံး. . . တဲ့၊ နာရင်းနဲ့အပါယ်မသွားဘူးတဲ့ ဒီဥစ္စာ (မှန်ပါ့)။

ဦးမြ နာရင်းနဲ့ (အပါယ်မသွားပါ)၊ အဝိဇ္ဇာချုပ်သွားတော့ကိုး၊ မောဟ, အဝိဇ္ဇာချုပ်သွားတယ် (မှန်ပါ့)။

ကဲ. . . တစ်ခါ ဒါကလေး ကြည့်လိုက်ပြန်တော့ အကြောင်း နှစ်ကြောင်းက အနိစ္စကမွေးတဲ့ ဝိညာဏ်ကလေး ဟာလည်း မောင်မြင့်သူ့ကို ဘာဆိုမလဲ (အနိစ္စပါဘုရား)။

အင်း. . . မင်းတို့ရှုလိုက်တယ်ဆို ပျက်သွားတာပဲနော်. . . (မှန်ပါ့)၊ အနိစ္စပဲ ဖြစ်ထိုက်ကဲ့လား. . . မဖြစ်ထိုက်ဘူးလား. . . (ဖြစ်ထိုက်ပါတယ်ဘုရား)၊ သူ့အမေ, အဖေက

www.dhammadownload.com



ဘာတုံး (အနိစ္စပါဘုရား)၊ ဒါဖြင့် မွေးလာတဲ့ ဝိညာဏ်ကလေး ကော (အနိစ္စပါဘုရား)။

ဩော် . . . ဒါဖြင့် အနိစ္စမြင်လိုက်ပါပြီ၊ သဘော လည်းကျပါပြီ၊ ကြားပြီးပျက်သွားတာပဲ၊ နံပြီး ပျက်သွားတာပဲ သိသဖြင့် ခိုင်တယ်၊ မြဲတယ်ဆိုတဲ့ ခုနင်က ပြောခဲ့တဲ့ ကူးပြောင်းသေးတယ်ဆိုတဲ့ သဿတဒိဋ္ဌိ ဦးမြ ရှိသေးရဲ့လား (မရှိပါ)၊ ပေါ်ပြီ (ပေါ်ပါပြီဘုရား)။

## ဒိဋ္ဌိနှစ်ခုပြုတ်ရင်အပါယ်မရောက်ဘူး

ပေါ်ပြီ . . . ဒကာဒကာမတို့၊ ကဲ . . . အပျက် မြင်လိုက်တော့ ဒိဋ္ဌိပင်သွားတယ် (မှန်ပါ့)၊ ဖြစ်ကြောင်းကို သိလိုက်တဲ့အခါကျတော့ ဝိစိကိစ္ဆာစင်ပါတယ် (မှန်ပါ့)၊ ဒါဖြင့် ဒိဋ္ဌိဝိစိကိစ္ဆာပြုတ်ပါပေါ့လို့ မောင်မြင့် မှတ်စမ်းကွာ (မှန်ပါ့)။

အကြောင်းနှစ်ကြောင်းသိတော့ ဘာပြုတ်သွားသတုံး (ဝိစိကိစ္ဆာ ပြုတ်ပါတယ်ဘုရား)။

ဒါကလေးဟာ မွေးလာတဲ့အမေ၊ အဖေကိုက အနိစ္စ တွေမို့ ဒါကလေးဟာ ပျက်သွားတာပဲဆိုတော့ ခိုင်တာမြဲတာ ဟုတ်သေးရဲ့လား (မဟုတ်ပါဘုရား)၊ ဒါဖြင့် ဒိဋ္ဌိကော (ပြုတ်ပါတယ်ဘုရား)။

www.dhammadownload.com



ဒါဖြင့် အကြောင်းနှစ်ကြောင်း သိတုန်းက ဝိစိကိစ္ဆာ ပြုတ်၊ ပျက်ရမှာပဲလို့ သိသဖြင့် တစ်နည်းပျက်တာမြင်သဖြင့် ဒိဋ္ဌိပြုတ်ဆိုတော့ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ ပြုတ်တယ် (မှန်ပါ့)၊ သဘော ကျပလား (ကျပါပြီဘုရား)။

ဘာပြုတ်သွားသတုံး (ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ ပြုတ်သွားပါတယ်)၊ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာပြုတ်သွားတယ်ဆိုတာ ကျေနပ်ပလား (ကျေနပ်ပါပြီဘုရား)။

ဒါနဲ့ ဒီနေရာ မင်းတို့လဲပြီး သေလိုက်. . အပါယ် တော့ မရောက်ဘူး၊ ဒီနှစ်ခုပြုတ်ရင် အပါယ်တော့ မရောက် ဘူး. . . ဒါလောက် အဖိုးတန်ပါတယ် (မှန်ပါ့ဘုရား)၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါကြောင့်"ဗုဒ္ဓသာသနေ လဒ္ဓသာသော လဒ္ဓပတိဋ္ဌော ကော စူဠသောတာပန္နော နာမ ဟောတိ" အစရှိသည်နဲ့ ဆိုတာ ဒါကိုဆိုတာ (မှန်ပါ့)၊ သို့သော် ပြောတဲ့ပုဂ္ဂိုလ်က အခု ဘုန်းကြီးတို့ ပြောသလို မရှင်းဘူး၊ အခုရှင်းပလား (ရှင်းပါပြီ ဘုရား)။

ကြားစိတ်ကလေး ဘယ်နှစ်ကြောင်းကြောင့် ဖြစ်သ တုံး (နှစ်ကြောင်းကြောင့်ပါဘုရား)၊ နံစိတ်ကလေး (နှစ်ကြောင်းကြောင့်ဖြစ်ပါတယ်ဘုရား)၊ နံစိတ်ကလေးဟာ အနံ့ရယ် ဒီကအကြည်ကလေးနဲ့၊ လူသေတော့ ဒီအကြည် ချုပ်သွားတော့ ရှိသေးရဲ့လား (မရှိပါဘုရား)။

www.dhammadownload.com



အဲ. . . အနံ့နှာခေါင်းအကြည်ရုပ်ကလေးနဲ့ သွားပြီး တိုက်တဲ့အခါကျတော့ မွှေးတယ်ဆိုတာ သိစိတ်ကလေး ပေါ်လာတယ် (မှန်ပါ့)၊ နံတယ်ဆိုတဲ့ သိစိတ်ကလေးပေါ်လာ တယ် (မှန်ပါ့ဘုရား)။

ဒါဖြင့် အကြောင်းသိတော့ ဘာပြုတ်သလဲ (ဝိစိကိစ္ဆာ ပြုတ်ပါတယ်ဘုရား)၊ အင်း. . . ဒါကလေးဟာ ဖြစ်ပေါ်ပြီး ပျက်တာပဲလို့ သိလိုက်သဖြင့် (ဒိဋ္ဌိပြုတ်ပါတယ်ဘုရား)။

အဲ. . . ဒိဋ္ဌိဝိစိကိစ္ဆာပြုတ်ရင်မင်းတို့ကနေ အပါယ် တော့ မကျဘူး (မှန်ပါ့)၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

ကိုင်း. . . ဒါဖြင့် ဦးမြကြီး မေးရမယ်၊ ဦးအောင်ဇံဝေ တို့ မေးရတော့မယ်၊ ဝိညာဏ်ပြောင်းစရာရှိသေးသလား မေးတော့ ဘယ့်နှယ်ဖြေပါ့မလဲ (မရှိပါဘုရား)၊ ဒီနေရာဖြစ် ဒီနေရာပျက်တာပဲ (မှန်ပါ့)၊ နှာခေါင်းထဲဖြစ်တဲ့ ဝိညာဏ်သည် ဘာတုံး (နှာခေါင်းထဲမှာပဲ ပျက်ပါတယ်ဘုရား)။

လျှာပေါ်အလယ်မှာ ဖြစ်တဲ့ဝိညာဏ်သည် (လျှာပေါ် မှာ ပျက်ပါတယ်ဘုရား)၊ အေး. . . ဒါကြောင့် စားစိတ်ကလေးဟာလည်း လျှာပေါ်-ပေါ်-လျှာပေါ်ပျက် မောင်အောင်ချီ ကျေနပ်ပလား (ကျေနပ်ပါပြီဘုရား)။

www.dhammadownload.com



## ယားစိတ်ကလေးဒီနေရာဖြစ်ဒီနေရာပျောက်တယ်

ယားစိတ်ကလေးဟာ ယားတဲ့နေရာကရွေ့ပြီးများ ယားသေးသလား (မယားပါဘုရား)၊ ဒီနေရာ ယားပြီးတော့ (ဒီနေရာပျက်သွားပါတယ်ဘုရား)၊ အဲ. . . ကိုယ်မှာ ဖြစ်တဲ့ ဝိညာဏ်ကလေးဟာလည်း ဒီနေရာယားပြီး ဒီနေရာ ပျောက်သွားတာပဲ။

ဒါဖြင့် ဩော်. . . 'လောက်လမ်းသဖွယ် ဝိညာဏ် တွယ်' ဆိုတာများ မင်းတို့ပြုတ်ပလား (ပြုတ်ပါပြီဘုရား)၊ တွယ်နိုင်သေးရဲ့လား (မတွယ်နိုင်ပါဘုရား)၊ ဒီနေရာဖြစ်တာပဲ ကွ၊ ဒီနေရာတွင် ချုပ်ရမှာပဲ၊ တခြားသွားနိုင်သေးရဲ့လား (မသွားနိုင်ပါဘုရား)။

## အသက်ထွက်သွားပြီဆိုတဲ့အယူ

ဒါဖြင့် ဝိညာဏ်ကို အသက်လို့ခေါ်ကြတယ်။ အသက်ထွက်သွားပြီဆိုတဲ့အယူ-ယူသေးရဲ့လား (မယူတော့ ပါဘုရား)။

နောက်က ဒကာဒကာမတွေ မယူကြပါနဲ့၊ ယူရင် ခင်ဗျားတို့ သဿတဒိဋ္ဌိ ဖြစ်နေတယ် (မယူပါ)။

ဒါသည် "ဒွယံ ဘိက္ခဝေ ပဋိစ္စ ဝိညာဏံ" ဆိုတဲ့ဥစ္စာ နားမလည်လို့ရှိရင် ငါဘုရားမှတစ်ပါးလည်း ဟောမည့်သူ လည်းမရှိဘူးတဲ့၊ ဒီဟာနားမလည်ဘဲနဲ့လဲ ငါသည် ဒီ-ဒွယံ

www.dhammadownload.com



ပဋိစ္စ ဝိညာဏံ ကို မသိဘဲနဲ့ နိဗ္ဗာန်ရောက်ခဲ့တယ်ဆိုတာလဲ မယုံနဲ့ကွ ဘုရားက (မှန်ပါ့)၊ ငါ့ဘုရားမှတစ်ပါးလည်း ဒါ ဟောမည့်သူ မရှိဘူးတဲ့ (မှန်ပါ့)၊ ရိပ်မိပလား (ရိပ်မိပါပြီ ဘုရား)။

ဒါမပါဘဲနဲ့ ဒီအသိတွေ မသိပါဘဲနဲ့ ဒီအရှုတွေ မပါဘဲနဲ့ ငါနိဗ္ဗာန်ရောက်ခဲ့တယ်ဆိုတာလည်း ရယ်စရာ မှတ်လိုက်ပါတဲ့၊ ဘုရားက သေသေချာချာ တာဝန်ခံတယ် (မှန်ပါ့)၊ ဒါလောက် အဖိုးတန်တဲ့သုတ်ပဲ (မှန်ပါ့)၊ ဒါ သဠာယ တနသံယုတ်ပါဠိတော်လို့ ဦးမြမှတ်လိုက်စမ်းပါ (မှန်ပါ့)။*

ဘာပါဠိတော်တုံး (သဠာယတန သံယုတ်ပါဠိတော် ပါ)၊ ကြည့်လေ-တာဝန်ခံကြည့်ပါ ဒီနှစ်ခုကိုစွဲပြီး ဝိညာဏ် ဖြစ်တယ်ဆိုတာ ငါဘုရားမှတစ်ပါးလည်း ဟောမည့်သူ မရှိ ဘူးတဲ့ သူတာဝန်ခံလိုက်တယ် (မှန်ပါ့)။

ဒီသုတ်ကို ဖြစ်တာကိုလဲ သဘောမကျ၊ ပျက်တာကို လည်း သဘောမကျဘဲနဲ့ အခုပြောခဲ့တဲ့ နှစ်ခုသော တရား ကြောင့် ဝိညာဏ်ဖြစ်တယ်ဆိုတဲ့ ဒီသုတ်မျိုးကိုသိပြီး သကာလရှုပြီးသကာလ ကျုပ်ဖြင့် ဒီသုတ်မျိုးကို ဒီလိုနှလုံး မသွင်းခဲ့ပါဘူး ဒီလိုနဲ့ နိဗ္ဗာန်ရောက်ခဲ့တယ်ဆိုရင်လည်း ရယ်စရာ စကားကွတဲ့။

---

* သဠာယတနဝဂ္ဂသံယုတ်။ ဆန္နဝဂ်၊ ပဌမဒွယနှင့် ဒုတိယ ဒွယသုတ်ကြည့်။

www.dhammadownload.com



မယုံနဲ့တဲ့၊ တာဝန်ခံလိုက်ပြီ ဘုရားက. . . (မှန်ပါ့) ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

ဦးနေဖူးကြီးအိပ်နေလို့ မရဘူး၊ သဘောကျပလား (ကျပါပြီဘုရား)၊ ရှင်းပြီနော် (ရှင်းပါပြီဘုရား)။

## ဘုရားမှတစ်ပါး ဟောမည့်သူမရှိ

ဘယ်လောက် တာဝန်ခံသတုံး၊ တာဝန် ဘယ်နှစ်ချက်တုံးဆိုတာ မောင်အောင်ချို သိပြီလားကွ (သိပါပြီ) ငါ ဘုရားမှတစ်ပါးလည်း အခုဟာကို ဟောမည့်သူမရှိဘူးတဲ့၊ ဒွယံတိက္ခဝေ ပဋိစ္စ ဝိညာဏံကိုတဲ့ နှစ်ပါးသော အကြောင်းကြောင့် ဝိညာဏ်ဖြစ်တယ်ဆိုတာ ငါဘုရားမှတစ်ပါးလည်း ဟောမည့် သူ မရှိဘူးတဲ့ (မှန်ပါ့ဘုရား)။

ဒီဟာမပါဘဲနဲ့ ကျွပ်နိဗ္ဗာန်ရောက်ခဲ့တယ်လို့ တစ်ယောက်သော ပုဂ္ဂိုလ်က ပြောလို့ရှိရင်လည်း ရယ်စရာသာမှတ်တဲ့၊ မရောက်ဘူးတဲ့ (မှန်ပါ့)၊ ကဲ. . . ဘယ်လောက် အဖိုးတန်တယ်ဆိုတာ ဒကာဒကာမတွေ မပေါ်သေးဘူးလား (ပေါ်ပါပြီဘုရား)။

အဲဒါ ဘုန်းကြီးတို့ ဒကာဒကာမတွေ ဒို့ဆရာဘုန်းကြီးက တရားဟောနေတယ်လို့သာ သာမညကလေးနဲ့ ယူလိုက်လို့ရှိရင်ဖြင့် မောင်မြင့်တို့ လွဲမှာပဲ (မှန်ပါ့ဘုရား)။

www.dhammadownload.com



သာမညမဟုတ်ပါဘူးတဲ့. ဒီဥစ္စာ သာမညမဟုတ်ပါဘူး၊ ခင်ဗျားတို့ အခု ဒီအထဲမှာ နှစ်ကြောင်းသိတော့ ဝိစိကိစ္ဆာ စင်တယ်၊ အင်း-ဒါကလေးဟာ အမေ့,အဖေကိုက နှစ်ကြောင်းက အနိစ္စမို့ အနိစ္စဖြစ်တယ်လို့ ခင်ဗျားတို့ သိလိုက်တဲ့ အသိကလေးဟာလည်း၊ အပါယ်မလားတဲ့ အသိပဲ. . . (မှန်ပါ့)၊ ဘယ်လောက်အဖိုးတန်သတုံး (တန်ပါတယ်ဘုရား)။

ဒါ တရားကို ရှိုးရှိုး ဟောနေတာလားတဲ့၊ တကယ် တမ်း ခင်ဗျားတို့ကို အပါယ်တံခါး ပိတ်ပေးနေတာလား မေးရင် ဘယ့်နှယ်ဖြေကြမထဲ. . . (အပါယ်တံခါး ပိတ်ပေး နေတာပါဘုရား)။

## ဒါနတရားကိုလွှမ်းအောင်ဟောတတ်ပါတယ်

ဘုန်းကြီး ဒါနတရား ဟောတတ်ပါတယ်၊ သီလ တရားတွေကိုလည်း လွှမ်းနေအောင် ဟောတတ်ပါတယ်၊ အပါယ်တံခါးက မပိတ်လို့ မဟောချင်ဘူးဦးမြ (မှန်ပါ့ဘုရား)။

ဘာဖြစ်လို့တုံးဆိုတော့ သံသရာဆက်တယ် (မှန်ပါ့) သံသရာဆက်ပြီးသကာလနေတော့ သံသရာထဲမှာ အပါယ်က ပါပြီးသား ဖြစ်နေတယ် (မှန်ပါ့)၊ မပါဘူးလား, . . (ပါပါ တယ် ဘုရား)။

www.dhammadownload.com



အောက်သံသရာကိုးဗျ (မှန်ပါ့)၊ အဲဒီတော့ အဲ့ဒီကို မရောက်နိုင်ဘူးလား ရောက်နိုင်သလား (ရောက်နိုင်ပါတယ်) သုဂတိရောက်လိုက်၊ အပါယ်ရောက်လိုက်နဲ့၊ ကျေနပ်ပလား (ကျေနပ်ပါပြီဘုရား)။

## အပါယ်တံခါးမပိတ်လို့မပျောချင်ဘူး

ဒါ့ကြောင့် ဒီတရားတွေကတော့ဖြင့် ဒကာဒကာမ တွေ ဒိဋ္ဌိလည်းမပြုတ်ဘူး, ဝိစိကိစ္ဆာလည်းမပြုတ်ဘူး၊ ဒါန သီလတရားက (မှန်ပါ့)၊ ပြုတ်ကို မပြုတ်နိုင်ဘူး၊ ဦးမြစည်းစား စမ်း ပြုတ်နိုင်ပါ့မလား (မပြုတ်နိုင်ပါ)၊ မပြုတ်ရင် အပါယ် တံခါး ပိတ်နိုင်ပါ့မလား (မပိတ်နိုင်ပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ကောင်းတယ်ထင်တဲ့ နားနု ကလေးနဲ့ ဥစ္စာကို သေသေချာချာ ဖျောက်ပစ်ပါတဲ့၊ မဟုတ် သေးဘူး၊ လိုသေးတယ်သာ ဆုံးဖြတ်ချက်ချ. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## ဒိဋ္ဌိမပြုတ်တဲ့တရားဆိုရင် လိုသေးတယ်

ပြီးတော့ခင်ဗျားတို့ချင်းကိုလည်း ဘုန်းကြီးက သတိပေးလိုက်ပါတယ်၊ ဩော်. . . သူတို့ဘယ်အလျှုက ဟောသွားတယ်၊ ဘယ်စာအုပ်က ရေးတယ်၊ ဘယ်ဆရာတော်

www.dhammadownload.com



က ပြောသွားတယ်ဆိုပြီး သူတို့ပြောတာကို ခင်ဗျားတို့က နားထောင်ကြည့်၊ နားထောင်ကြည့်လိုက်တဲ့ အခါကျတော့ ဒိဋ္ဌိမပြုတ် ဝိစိကိစ္ဆာ မပြုတ်တဲ့ တရားကို သူတို့ပြောနေလို့ ရှိရင် လိုသေးတယ်သာ ဆုံးဖြတ်ချက်ချ (မှန်ပါ့)၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

ဘယ်လိုဆုံးဖြတ်ချက်ချမလဲ. . . (လိုသေးပါတယ်) လိုသေးတယ်၊ နာတဲ့ပုဂ္ဂိုလ် သူ့သဘောကျနေတာကော (လိုပါသေးတယ်)၊ ဟောတဲ့ ပုဂ္ဂိုလ်ဟောနေတာကော (လိုပါသေးတယ်)၊ လိုသေးတယ်လို့ ဆုံးဖြတ်ချက်ချပါ (မှန်ပါ့)၊ သဘောကျကြပလား (ကျပါပြီဘုရား)။

အဲဒါ ခင်ဗျားတို့ အခု မလိုတာနဲ့ တွေ့ပေလို့ တော်-တော်သေးတယ် (မှန်ပါ့) တချို့ လိုသေးနဲ့ပဲ မောင်မြင့် သေသွားတာပဲ (မှန်ပါ့) မသေဘူးလား (သေပါတယ်ဘုရား)။

ကောင်းလိုက်တာ ဒါနတရားလှူပြည့်, နတ်ပြည်, ဗြဟ္မာ့ပြည်အဲကျိုးပေးကလည်း သန်လိုက်တာ၊ သိပ်တောင်းတာပဲ၊ အင်း. . . သံသရာမှာ သေချင်သေးလို့ပဲ (မှန်ပါ့)၊ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဒိဋ္ဌိ, ဝိစိကိစ္ဆာနဲ့ ဘာဆိုင်သတုံးဗျ၊ ဒိဋ္ဌိဝိစိကိစ္ဆာ ပြုတ်ခန်းပါရဲ့လား (မပါ-ပါ) မပါသေးရင် ငရဲမျိုးစေ့ နှစ်ခုက ကျန်လျက်ပဲ သူ့မှာ (မှန်ပါ့)၊ အဖွားကြီးတွေ သဘောကျပလား (ကျပါပြီဘုရား)။

www.dhammadownload.com



ခင်ဗျားတို့ သာခုခေါ်နေတဲ့ အသွားမျိုး သည်ကားလို့ ဆိုရင် ဒီသာခုကိုပဲ ကြောက်စရာကြီး (မှန်ပါ့ဘုရား)။

ဦးမြ သာခုဟာ ဘယ့်နှယ်တုံး. . . (ကြောက်စရာကြီးပါ)၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

"ဒွယံ ဘိက္ခဝေ ပဋိစ္စ ဝိညာဏံ" ကိုး၊ ဒွယံ - နှစ်ပါးသော အကြောင်းကို ပဋိစ္စ=စွဲ၍၊ ဝိညာဏံ=ဝိညာဏ်သည်၊ သမ္ဘောတိ=ဖြစ်၏၊ နှစ်ကြောင်းကြောင့် ဖြစ်တာချည်းပဲ ဆုံးဖြတ်ချက်ချလိုက်စမ်းပါ (မှန်ပါ့)၊ သဘောကျပလား (ကျပါပြီဘုရား)။

ဒါဖြင့် နှစ်ကြောင်းကြောင့်ဖြစ်တယ်ဆိုတော့ နားဝိညာဏ်ပေါ်လည်းနှစ်ကြောင်း၊ မျက်လုံးဝိညာဏ်ပေါ်လည်း (နှစ်ကြောင်းပါဘုရား)၊ ကဲ-ဒါဖြင့် ကိုယ်ဝိညာဏ်ပေါ်ကော (နှစ်ကြောင်းပါဘုရား)။

ကိုယ်ဝိညာဏ်ပေါ်တာနှစ်ကြောင်းဆိုတာ လူကလည်း အရှင်ဖြစ်နေတော့ ဟောဒီမှာ ကာယပသာဒတဲ့ ကိုယ်ဆိုကြည့်၊ ဟောဒီက ယင်ကောင်ကလေးက လာနားတော့ ဟော. . . ယားဆိုတဲ့စိတ်ကလေး ဒီကြားထဲပေါ်လာတယ် (မှန်ပါ့) မပေါ်ဘူးလား (ပေါ်ပါတယ်ဘုရား)။

ဒါဖြင့် ဘယ်နှစ်ကြောင်းကြောင့် ပေါ်သတုံး၊ ယားတာကလေး (နှစ်ကြောင်းကြောင့်ပါ)၊ တစ်ခါနာတာ

www.dhammadownload.com



ကလေးဟာကော (နှစ်ကြောင်းကြောင့်ပါ)၊ အောက်ကလည်း အကြည်ရုပ်နဲ့နေတယ်၊ မသေသေးတဲ့ရုပ်၊ ရုပ်ရှင်ရှိနေတယ် (မှန်ပါ့ဘုရား)။

အပေါ်ကလည်း ယင်ကောင်ကလည်း နားတယ်၊ အလယ်မှာ ယားတာကလေးပေါ်တယ်၊ မပေါ်ဘူးလား (ပေါ်ပါတယ်)။ နာတာကလေးပေါ်တယ်ဆိုတော့ မောင်မြင့် ဘယ်နှစ်ကြောင်းတုံး (နှစ်ကြောင်းပါ)၊ ဒါဖြင့် ကိုယ်မှာလည်း နှစ်ကြောင်းကြောင့် ပေါ်တာပဲ။

## ဝမ်းထဲမှာ ဝတ္ထုရုပ်နှင့် အာရုံရှိတယ်

ဝမ်းထဲကျတော့ လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, အမောဟတွေကောဆိုတော့ ဝမ်းထဲမှာလည်း ဝတ္ထုရုပ်ရှိတာပဲ၊ ဟိုကလည်း အာရုံရှိတာပဲ၊ သူတို့နှစ်ခု တိုက်ပြီးသကာလ ဒီအထဲမှာ လွမ်းတဲ့စိတ်ကလေး ဆွေးတဲ့ စိတ်ကလေး ခင်တဲ့စိတ်ကလေး မင်တဲ့စိတ်ကလေးကော မလာဘူးလား (လာပါတယ်) ဒါလည်း ဘယ်နှစ်ကြောင်းတုံး (နှစ်ကြောင်းပါဘုရား)။

ဒါဖြင့် "ဒွယံ ဘိက္ခဝေ ပဋိစ္စ ဝိညာဏံ" ဆိုတဲ့ ပါဠိ ကလေးတစ်လုံးဟာ ဦးမြ ကျေနပ်ကဲ့လား (ကျေနပ်ပါတယ် ဘုရား)။

www.dhammadownload.com



ဒါဖြင့် ဒွယံ-သိလိုက်သဖြင့် ဝိစိကိစ္ဆာသေတယ်၊ ဝိညာဏံသိလိုက်သဖြင့် ဒိဋ္ဌိသေတယ် (မှန်ပါ့)၊ သဘောကျပလား (ကျပါပြီဘုရား)။

"ဒွယံ ဘိက္ခဝေ ပဋိစ္စ ဝိညာဏံ" ကိုး၊ ဒွယံ = နှစ်ခုသော အကြောင်း သိလိုက်သဖြင့် ဘာသေကြသတုံး (ဝိစိကိစ္ဆာ သေပါတယ်ဘုရား)။

ဝိညာဏံသိလိုက်တော့ (ဒိဋ္ဌိသေပါတယ်ဘုရား)၊ ဒိဋ္ဌိသေတယ်၊ ဝိညာဏံဆိုတဲ့ဥစ္စာ အလကားကြောင့်ဖြစ်တာ မဟုတ်ဘူး၊ ဒီဝိညာဏ်ကလေးသည်ကားလို့ဆိုရင် အမေ၊ အဖေ၊ ဒွယအမေ၊ အဖေက အနိစ္စမို့ သူ့ကိုအနိစ္စကလေး မွေးလာတာ (မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

အနိစ္စနှစ်ခုက မွေးဖွားလို့ အနိစ္စလေးတစ်ခု ပေါ်ပေါက်တယ်၊ မသိရဘူးလား (သိရပါတယ်)၊ အနိစ္စနှစ်ခုပေါင်းပြီး မွေးဖွားတာကလေးဟာ အနိစ္စတစ်ခု မပေါ်လာဘူးလား (ပေါ်လာပါတယ်) ဒါ အနိစ္စလည်းသိပြီးသား ကျမသွားဘူးလား (ကျပါတယ်ဘုရား)။

အဲဒီတော့ အနိစ္စသိတော့ ဘာသေသတုံး (ဒိဋ္ဌိသေပါတယ်ဘုရား)၊ နှစ်ကြောင်းသိလိုက်တော့ (ဝိစိကိစ္ဆာသေပါတယ်ဘုရား)။

www.dhammadownload.com



ကဲ. . . ဒါဖြင့် မင်းတို့ရှုတဲ့အခါ ဒါတွေးမနေနဲ့တော့ ဩော်. . ပျက်သွားပြီ. . ပျက်သွားပြီ သိဖို့က အရေးကြီး တော့ ဒါက ဆရာတာဝန်၊ ဆရာရှင်းပေးပြီး၊ ခင်ဗျားတို့က ရှုရုံပဲ၊ ဖြစ်ပေါ်သွားတာ မရှိတော့ဘူးလို့ မောင်မြင့်တို့, မောင်အောင်ချီတို့ ဒါပဲရှုရမယ် (မှန်ပါ့)။

ဒီနှစ်ကြောင်းကြောင့် ဖြစ်တယ်ဆိုတာ သိပြီးသား မနေဘူးလား (နေပါတယ်ဘုရား)၊ အနိစ္စကမွေးလို့ အနိစ္စ ရောက်သွားတာကော သံသယရှိသေးသလား(မရှိပါဘုရား)၊ ဒါဖြင့် သံသယမရှိဘဲနဲ့ ရှုရမယ် (မှန်ပါ့)။

ဒါဖြင့် ဝိစိကိစ္ဆာခံပြီး ရှုရင်လည်း မဂ်ဉာဏ်, ဖိုလ် ဉာဏ် မရနိုင်ဘူး (မှန်ပါ့)၊ ဒိဋ္ဌိခံနေရင်လည်း (မရနိုင်ပါ ဘုရား)၊ အခုတော့ ဒိဋ္ဌိဝိစိကိစ္ဆာစင်ပြီး အရှုခိုင်းတာ (မှန်ပါ့)၊ မပေါ်သေးဘူးလား (ပေါ်ပါပြီဘုရား)။

ဒါဖြင့် မောင်အောင်ချီ ပျက်ထိုက်ကဲ့လား၊ မပျက် ထိုက်ဘူးလား မြင်စိတ်ကလေးဟာ (ပျက်ထိုက်ပါတယ် ဘုရား)၊ ဘာဖြစ်လို့ ပျက်ထိုက်သတုံးဆိုတော့ သူ့အဖေ အမေကဘာတုံး (အနိစ္စပါဘုရား)။

ဒါဖြင့် သူဘာဖြစ်ရမတုံး (အနိစ္စပဲ ဖြစ်ရပါမယ် ဘုရား)၊ ဒါကြောင့် ဖြစ်ပြီး ပျက်တာကိုးဆိုတော့ မသေချာ သေးဘူးလား (သေချာပါပြီဘုရား)၊ ရှင်းပလား (ရှင်းပါပြီ ဘုရား)။

www.dhammadownload.com



ဩော်. . . ဒါဖြင့်မောင်မြင့်. . ရဲရဲတင်းတင်း ရှုရဲပလား (ရှုရဲပါပြီဘုရား)၊ ရှုရင်း သံသယလာသေးသလား (မလာပါဘုရား)။

ဒိဋ္ဌိကော (မလာပါဘုရား)၊ မလာတော့ဘူးဆိုတော့ ဒါဖြင့် ဒိဋ္ဌိဝိစိကိစ္ဆာပြုတ်ပြီးသားပုဂ္ဂိုလ်၊ သညာနဲ့ပြုတ်ပြီးသားပုဂ္ဂိုလ်မှာ ပညာနဲ့ အရှုခိုင်းလိုက်တယ် (မှန်ပါ)။

ဦးနေဖူး သေသေချာချာမှတ်စမ်းပါ၊ သညာနဲ့ ပြုတ်ပြီးသားပုဂ္ဂိုလ်ကို ပညာနဲ့အရှုခိုင်းတယ်၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် သညာနဲ့ပြုတ်တာက အပါယ်လေးပါး တစ်ဘဝပိတ်တယ်၊ ပညာနဲ့ ရှုလိုက်လို့ ပြုတ်သွားတာကတော့ ဖြင့် အမြစ်နဲ့တကွ ပြုတ်သောကြောင့် ဘယ်တော့မှ အပါယ်လေးပါးမရောက်ဘူး (မှန်ပါ)၊ ရှင်းပလား (ရှင်းပါပြီ ဘုရား)။

## သညာပြုတ်နှင့်ပညာပြုတ်

ဒါဖြင့် သညာပြုတ်, ပညာပြုတ်ဆိုတာကော ယနေ့ ခြားနားပလား (ခြားနားပါပြီဘုရား)၊ ဟောလို့ နားလည်ပြီး ရဲရဲတင်းတင်း သိထားတာက ဘာပြုတ်တုံး (သညာပြုတ်ပါ တယ်ဘုရား)။

www.dhammadownload.com



ရှုလိုက်တဲ့အခါကျတော့ဖြင့် တစ်ခါတည်း ဒါကလေး တွေဟာဖြစ်ပြီး ပျက်တာပဲ၊ အနိစ္စ၊ သံသယမရှိပါဘူး၊ ခိုင် တယ်၊ မြဲတယ်လို့လည်း မယူတော့ပါဘူး၊ ကိုယ့်ရှေ့တွင် ပျက်နေတာပဲလို့ဆိုပြီး အပျက်တွေမြင်၊ အပျက်တွေမှန်း၊ ဒီအပျက်တွေ ဒုက္ခသစ္စာလို့သိပြီး ဆုံးသွားလို့ရှိရင် ပညာနဲ့ ပြုတ်တာရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် သညာနဲ့ပြုတ်လို့ရှိရင် မှတ်လိုက်၊ သညာ ဆိုတာ မှတ်တာ၊ ဆရာဟောတာ, ပြောတာကို မှတ်ပြီး ပြုတ်တာ၊ အဲဒီအပြုတ်က အပါယ်ကို တစ်ဘဝပိတ်တယ်၊ ဒီဘဝက သေရင် အပါယ်မသွားဘူး . . . (မှန်ပါ့)၊ ပညာနဲ့ ပြုတ်တာကတော့ ဘယ်တော့မှ မသွားအောင် ပိတ်တယ်၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ အင်မတန်အရေးကြီးတဲ့ "ဒွယံ ပဋိစ္စ ဝိညာဏံ"ဆိုတဲ့ စကားကလေးဟာ အင်မတန် အရေးမကြီးဘူးလား. . . (ကြီးပါတယ်ဘုရား)။

ဘာတုံးဆိုတော့ "စက္ခုံ စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခု ဝိညာဏံ"နော် (မှန်ပါ့) စက္ခုပသာဒရုပ်နဲ့ ရူပါရုံနဲ့ပေါင်းပြီးတော့ မြင်စိတ်ပေါ်ပါတယ်ပြောတာပဲ (မှန်ပါ့)။

အဲဒီတော့ ဒီစက္ခုပသာဒရုပ်ကလေးဟာလည်း ဘာတုံးဆိုတော့ စက္ခု အနိစ္စံ ဝိပရိဏာမိမံ အညထာဘာဝိ"တဲ့

www.dhammadownload.com



သူကလည်း စက္ခုကိုက ဖောက်ပြန်ပျက်စီးတတ်တဲ့ သဘော ပဲတဲ့ (မှန်ပါ့ဘုရား)။

ရူပ-ကတော့တဲ့၊ အို. . . ရူပကလည်း အနိစ္စာ ဝိပရိဏာမိနော အညာထာဘာဝိနော-ပဲတဲ့၊ သူကလည်း ပျက်စီးတာပဲတဲ့။

“ဣစ္စေတံ ဒွယံ ပဋိစ္စ ဝိညာဏံ” တဲ့ သူတို့နှစ်ခု ပေါင်းတဲ့ ဝိညာဏ်ဟာ အနိစ္စံ ဝိပရိဏာမိ, အညထာဘာဝိ၊ သူလည်း အနိစ္စပဲတဲ့၊ အကြောင်းကအံနိစ္စမို့ ဘယ့်နှယ်ခေါ် ကြမလဲ (အကျိုးအနိစ္စပါပဲဘုရား)၊ အကျိုးအနိစ္စပေါ်၌ ဦးမြ ယံနေ့မရှင်းသေးဘူးလား (ရှင်းပါပြီဘုရား)။

ဟာ. . သူ့ဟာသူ ဖြစ်ပြီး သူ့ဟာသူ ပျက်တယ်လို့ ဒီလိုမယူလိုက်နဲ့ သူ့ဟာသူဖြစ်ပြီးတော့ သူ့ဟာသူ ပျက်တယ်လို့ယူလိုက်ခြင်းသည် ဒိဋ္ဌိရှိတယ်၊ သူ့ဟာသူ ဖြစ်တဲ့ တရား လောကကြီးထဲမှာ ရှိရဲ့လား (မရှိပါ)၊ အကြောင်းတိုက် ဆိုင်လို့ ဖြစ်တာသာရှိတယ် (မှန်ပါ့ဘုရား)။

## သူ့သဘောနဲ့သူဖြစ်ပြီးပျက်တယ် ဒီလိုမယူရဘူး

အဲဒီတော့ တချို့ ဒကာဒကာမတွေမှာ ဟောထား တာက သူ့သဘောနဲ့သူဖြစ်ပြီး သူ့သဘောနဲ့သူပျက်တာကို

www.dhammadownload.com



ဒါအနတ္တယူထားတယ်၊ မဟုတ်ဘူး. . . ဒီလိုမယူရဘူး၊ မောင်အောင်ချီ သေသေချာချာမှတ်၊ အနတ္တ အမေမွေးလို့ အနတ္တ၊ ဒါမှကိုက်တယ် (မှန်ပါ့ဘုရား)။

ဦးမြ ဒါကို သဘောပါလိုက်ကဲ့လား (ပါ-ပါတယ်)၊ အခုအားလုံးဟောနေကြတာက များသောအားဖြင့် သူ့သဘောနဲ့သူဖြစ်တာ၊ ကိုယ့်သဘောမဟုတ်ဘူး၊ ဒါ့ကြောင့် သူ့သဘောနဲ့သူ ပျက်တာပဲဆိုတော့ အကြောင်းပါသေးရဲ့လား (မပါပါ)၊ မပါရင် အဟေတုကဒိဋ္ဌိဘက်သွားတယ် (မှန်ပါ့ဘုရား)။

မပါရင်. . . (အဟေတုကဒိဋ္ဌိဘက် သွားပါတယ်)၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

အခုတော့ဖြင့် အကြောင်းကိုက အနတ္တမို့ အကျိုးပေးတာလည်း (အနတ္တပါပဲ)၊ အကြောင်းကိုက အနိစ္စမို့ (အကျိုးလဲ အနိစ္စပါပဲ) အကြောင်းကိုက ဒုက္ခမို့ (အကျိုးလဲ ဒုက္ခပါပဲဘုရား)။

ဒီလိုမြင်မှ အမှန်ရောက်ပါတယ်၊ နို့မဟုတ်ရင် ရောက်ကိုမရောက်ပါဘူးဆိုတော့ အင်မတန် သဘောပါတဲ့ တရားဆိုတာ ရှင်းသွားပြီ (ရှင်းပါပြီ)၊ သဘောကျပလား (ကျပါပြီဘုရား)။

အဲဒီတော့ကို မင်းတို့မှာ ယနေ့ ဒီတရားမြတ်ကြီးကို နာလိုက်ရတဲ့အတွက် နောင် အားထုတ်တဲ့အခါမှာ မဂ်ဖိုလ်

www.dhammadownload.com



ကို တားမြစ်မည့် တရားနှစ်ခု မရှိတော့ဘူး၊ ဒိဋ္ဌိကလည်း ပြုတ်သွားပြီ၊ ကျန်သေးသလား (မကျန်ပါဘုရား)၊ ဝိစိကိစ္ဆာကကော (ပြုတ်သွားပါပြီဘုရား)၊ တားစရာရှိသေးရဲ့လား (မရှိပါဘုရား)၊ ရှိရင်တော့ တားမယ်လေ (မှန်ပါ့ဘုရား)။

## ရဲရဲတင်းတင်းကြိုးစားပါ၊ ရပါတယ်

အဲဒီတော့ မောင်မြင့်တို့၊ မောင်အောင်ချိတို့၊ ဦးမြတို့၊ ဦးအောင်ဇံဝေတို့ ရဲရဲတင်းတင်း ကြိုးစားပါ (မှန်ပါ့)၊ ရပါတယ် သူတို့နှစ်ခု တစ်ခုခုခံနေရင် မရဘဲကိုး (မှန်ပါ့) သဘောပါပလား (ပါပါပြီဘုရား)။

နိဗ္ဗာန်ရှိလေသလား မရှိလေဘူးလားဆိုတဲ့ ဥစ္စာဘာထင်ကြသတုံး ဝိစိကိစ္ဆာ (မှန်ပါ့)၊ အဲဒါပါနေရင် ဘယ်လိုအားထုတ်ထုတ် မရဘူး (မှန်ပါ့) သဘောပါပလား (ပါပါပြီဘုရား)။

ဒီဟာကလေးဟာ ဘယ်ကများဖြစ်လာပါလိမ့်မတုံး ဒို့ကို ဆရာက ဆယ့်နှစ်ခု ရေးပေးထားတယ်၊ ဒါကလေးရှုရမတဲ့၊ ဘယ်ဟာဖြစ်လာပါလိမ့်မတုံး၊ မင်းတို့ ဝိစိကိစ္ဆာရှိနေရင် အာပေါက်အောင် အားထုတ် မဂ်ဉာဏ်ဖိုလ်ဉာဏ် မရဘူး၊ (မှန်ပါ့ဘုရား)၊ သဘောကျပလား (ကျပါပြီဘုရား)။

www.dhammadownload.com



အနိစ္စကမွေးလို့ အနိစ္စ ရောက်သွားတာကို သဘောကျလို့ရှိရင်ဖြင့် ဒိဋ္ဌိကကော မပြုတ်သေးဘူးလား (ပြုတ်ပါပြီဘုရား)။

ရဲရဲတင်းတင်း အဲဒီဝိစိကိစ္ဆာနဲ့ ဒိဋ္ဌိကို သညာနဲ့ဖြုတ်ပြီး သည့်နောက်မှ အားထုတ်လို့ရှိရင် ပညာနဲ့ မပြုတ်မရှိဘူး (မှန်ပါ့ဘုရား)၊ ပေါ်ပလား (ပေါ်ပါပြီဘုရား)။

ကောင်းပြီ. . . ဒါဖြင့် နေရာကျပါပြီတဲ့၊ ဒီလိုနေရာကျတယ်ဆိုတော့ ဩော်. . . တပည့်တော်တို့ အင်မတန်အဖိုးတန်သွားတဲ့ပုဂ္ဂိုလ်အဖြစ်သို့ ယနေ့ရောက်သွားပြီ၊ နာရုံနဲ့ အပါယ်ဘဝပိတ်တယ်၊ ရှုလိုက်လို့ တကယ်ပြုတ်သွားလို့ရှိရင် တပည့်တော်ဖြင့် အပါယ်လေးပါးနဲ့ အိုးစားကွဲပြီး ဘယ်တော့မှ မရောက်တော့ဘူးဆိုတာ ဦးမြဆုံးဖြတ်ချက်ချပါ (မှန်ပါ့) ချနိုင်ကြပလား (ချနိုင်ပါတယ်ဘုရား)။

ရဲရဲတင်းတင်းချပါ၊ မောင်မြင့် ရဲရဲတင်းတင်းချပါ။ ဘာမှ မကြောက်နဲ့၊ ဦးအောင်ဇံဝေ ဘာမှ မကြောက်နဲ့ (မှန်ပါ့ဘုရား)။

ကောင်းပြီ. . . ဒါဖြင့် ဒီလိုမသိတဲ့ ပုဂ္ဂိုလ်မှာတဲ့ ဘုရားလက်ထက်က ဝဋ္ဋာထုတ်ပြီး အခု ဒီအကြောင်း နှစ်ခုကို မသိလို့ အကျိုးအနိစ္စရောက်တာလည်း မသိလို့ဆိုတော့ သူ ဒိဋ္ဌိဝိစိကိစ္ဆာပြုတ်သေးရဲ့လား (မပြုတ်ပါဘုရား)။

www.dhammadownload.com



အဲဒီတော့ ဘုရားလက်ထက်က သာတိဆိုတဲ့ ရဟန်းရှိတယ် (မှန်ပါ)၊ သူ့နာမည်က ဘာတဲ့ကွ (သာတိပါဘုရား)။

## သာတိဆိုတဲ့ရဟန်းတရားနာတယ်

သာတိက ဘုရားဆီသွားပြီး တရားနာတယ်၊ တရားနာတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောလိုက်တယ်၊ ငါ. . . စမ္မေယျနဂါးမင်းဖြစ်ခဲ့ဖူးပြီကွ၊ နောက်ဘူရိဒတ်ဖြစ်တယ်ကွ နောက် ဝိဓူရဖြစ်တယ်ကွ ဆက်ဆက်ပြီး ဟောသွားတယ်။

သူ ဗွေဖောက်တယ်၊ ဒါဖြင့် ဘူရိဒတ်ကနေပြီး သကာလ စမ္မေယျလို့ ဝိညာဏ်ပြောင်းတယ်၊ ယူပြီ-ယူပြီ ဝိညာဏ်ပြောင်းသွားပြီတဲ့။

ဘူရိဒတ်ကနေပြီး ဝိဓူရကျတော့ အင်း. . . ဘူရိဒတ် သေပြီး ဝိညာဏ်ကလေး ဝိဓူရလုပ်ပြန်တာပဲ၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် သူ ဘယ်လိုယူလိုက်ပါလိမ့် (သဿတဒိဋ္ဌိယူပါတယ်ဘုရား)၊ ဝိညာဏ်ကို ပြောင်းတယ်လို့ ယူလိုက်တယ် (မှန်ပါ)၊ ဘာဒိဋ္ဌိတုံး (သဿတဒိဋ္ဌိပါဘုရား)။

ကဲ. . . ဘုရားတရားနာရင်း ဇာတ်ကြီး ဆယ်ဖွဲ့ဟောတာနဲ့ သူဘာဒိဋ္ဌိဖြစ်သွားသတုံး (သဿတဒိဋ္ဌိ ဖြစ်သွား

www.dhammadownload.com



ပါတယ်ဘုရား)၊ ကဲ. . . ဘုရားလက်ထက်ကနော် (မှန်ပါ့)။

သြော်. . . ဒို့ဘုရားလည်း ဆက်ပြီးသွားတာကိုးလို့ ထင်မနေကြနဲ့ဦး ခင်ဗျားတို့၊ ဒါ သဿတဒိဋ္ဌိမှတ် (မှန်ပါ့)။

ကိုင်း. . . ဒါဖြင့် ဒီလို သာတိကဖြစ်ပြီးသကာလ နေတော့ သူတရားပွဲက ပြန်လာတယ်၊ ဇာတ်ပေါင်းတရားကြီး ဟောပြီးပြန်လာခဲ့တယ်၊ တစ်နေ့ကလိုပဲ လာပြန်တာပဲ၊ သြော်. . ဒါဖြင့် လူသာသေတယ် ဝိညာဏ်က မသေဘူး ကိုယ်တော်တို့၊ သူက ဝါဒဖြန့်ပြီ ရဟန်းတွေကို (မှန်ပါ့)။

## လူသာသေတယ်၊ ဝိညာဏ်မသေဘူးတဲ့

လူသာသေသတဲ့ ဘာတုံး (ဝိညာဏ်မသေပါဘုရား)၊ ဝိညာဏ်မသေဘူးတဲ့ဆိုတော့ ဘာဒိဋ္ဌိဖြစ်သွားသတုံး . . . (သဿတဒိဋ္ဌိဖြစ်သွားပါတယ် ဘုရား)၊ အဲ. . . သဿတဒိဋ္ဌိ ဖြစ်သွားတယ်။

ကဲ. . . ဦးမြ၊ ဦးအောင်ဇံဝေ ဖြစ်ထိုက်မဖြစ်ထိုက် (ဖြစ်ထိုက်ပါတယ်ဘုရား) ဖြစ်ထိုက်တယ်၊ ခင်ဗျားတို့လည်း ဖြစ်ခဲ့တယ် (မှန်ပါ့)။

သြော်. . . ဘဝပြောင်းသွားတာပဲ၊ အံမာ. . . ခင်ဗျားတို့ ဖြစ်နေတာ ခင်ဗျားတို့က မရိပ်မိဘူး (မှန်ပါ့)။

www.dhammadownload.com



## ဘဝပြောင်းတယ်၊ ဘဝကူးတယ်

ဦးမြကြီးတို့ ဘဝပြောင်းသွားပလား၊ မပြောင်းဘူးလား (ပြောင်းပါတယ်ဘုရား)၊ ဘာပြောင်းတာတုံး၊ ဘဝပြောင်းတာဟာ လူက ပြောင်းတာလား၊ ဒီဝိညာဏ်ကလေးပြောင်းတာဆိုတာဗျ (မှန်ပါ့)၊ ရိပ်မိပလား (ရိပ်မိပါပြီ)၊ ဘဝကူးတယ်ဆိုတာလည်း ဒီကနေ ဟိုကူးတယ်ဆိုတာပဲ ရှင်းပလား (ရှင်းပါပြီဘုရား)။

အဲဒီဘဝပြောင်း ဘဝကူးတွေဟာ ခင်ဗျားတို့ သာတိရဲ့ အသွားတွေပဲ (မှန်ပါ့)၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

ဘယ်သူ့ အသွားတွေပါလိမ့် (သာတိ အသွားတွေပါဘုရား)၊ သာတိအသွားတွေဆိုတော့ ဘာဒိဋ္ဌိပါလိမ့် (သဿတ ဒိဋ္ဌိပါဘုရား)။

## မြန်မာပြည်မှာ ဒီအယူမျိုးများတယ်

ကဲ. . . ဒါဖြင့် ဦးအောင်ဇံဝေတို့ပဲ လူကြီးတွေပဲ၊ ဦးမြတို့ပဲ လူကြီးတွေပဲ ဆုံးဖြတ်ချက်ချ၊ မြန်မာပြည်မှာ ဒီအယူရှိ-မရှိ (ရှိပါတယ်ဘုရား)၊ အများကြီး ရှိတယ်၊ အများကြီးရှိတော့ ဘာဒိဋ္ဌိတွေလဲ (သဿတဒိဋ္ဌိပါဘုရား)။

သွားပြီ. . . ဘာလျှာလျှာ ကုသိုလ်တော့ ရပါရဲ့၊ နိဗ္ဗာန်မရဘူး ဒီလူတွေ (မှန်ပါ့)။

www.dhammadownload.com



ကုသိုလ်တော့ (ရပါတယ်ဘုရား)၊ နိဗ္ဗာန်တော့ (မရနိုင်ပါဘုရား)၊ ဘာဖြစ်လို့တုံး၊ ဒီအတိုင်း သူစွန့်မှ မစွန့်ဘဲ (မှန်ပါ့ဘုရား)၊ ဘယ်လောက်ကြောက်စရာကောင်းတယ်ဆိုတာ ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

## သဿတဒိဋ္ဌိအယူ

ကိုင်း. . . ဒါဖြင့် သာတိကို ဘေးကရဟန်းတွေက ပြောကြတယ်၊ သာတိ. . . ဝိညာဏ်ပြောင်းတယ်လို့ မင်းကယူတယ်၊ ဝိညာဏ်ပြောင်းတယ်ဆိုတော့ သဿတ ဒိဋ္ဌိကိုးကွာ. . . သူဟာသေမှ မသေဘဲနေဘ် (မှန်ပါ့) သေမှမသေဘဲ အကုန်ပြောင်းနေတာပဲ၊ ဒီဘဝက ဟိုဘဝပြောင်းဟိုဘဝက ဒီဘဝပြောင်း၊ ပြောင်းတယ်ဆိုကတည်းက ဒီတစ်ခုကလေးဟာက ခိုင်မြဲတဲ့အစိပ္ပါယ် ပါ-မပါ (ပါ-ပါတယ်ဘုရား) ပြောင်းတယ်ဆိုတာလေ (မှန်ပါ့)။

ပြောင်းလိုက်ပြီဆိုတော့ ကျောက်ကလေး လက်ပြောင်း လိုက်တယ်ဆိုတော့ ဒါ သဿတ ဒိဋ္ဌိပေါ့ကွ၊ ကျောက်ကလေး ကိုယ့်လက်ထဲ မထားချင်လို့ လက်ပြောင်းလိုက်ပြီ. . . ထုတ်ပစ်လိုက်ပြီဆိုတော့ ဒါ ကျောက်ကလေးဟာ ကြားထဲမှာ ပြတ်သွားတဲ့ အဓိပ္ပါယ်လား ဟိုဘက်ကူးသွားတဲ့ အဓိပ္ပါယ်လား (ကူးသွားတဲ့ အဓိပ္ပါယ်ပါဘုရား)၊

www.dhammadownload.com



ဘာဒိဋ္ဌိ ဆိုကြမလဲ. . . (သဿတဒိဋ္ဌိပါဘုရား)၊ အဲ ကျောက်ပြောင်းသလို ပြောင်းတာ ယူထားတာ ဒီဝိညာဏ်ကို ဝိညာဏ်ကို (မှန်ပါ့)။

ကျောက်ပြောင်းတာကို ဘုန်းကြီးအပြစ်ဆိုတာ မဟုတ်ပါဘူး။ ဝိညာဏ်ကို ဒီလိုယူထားတော့ ဘာဒိဋ္ဌိ ဖြစ်နေ သတုံး. . . (သဿတဒိဋ္ဌိ ဖြစ်နေပါတယ်ဘုရား)။

ဝိညာဏ်က မင်းတို့ သိထားတာက အနိစ္စက မွေးလို့ အနိစ္စပဲ ဘယ်မှမပြောင်းနိုင်ဘူး (မှန်ပါ့)၊ ပြောင်းနိုင်သေးရဲ့ လား (မပြောင်းနိုင်ပါဘုရား)၊ ဘယ်သူက မွေးတာတုံး . . (အနိစ္စကမွေးတာပါဘုရား)၊ အနိစ္စကမွေးတော့ သူလဲဘာတုံး (အနိစ္စပါဘုရား)၊ ပြောင်းနိုင်ရဲ့လား (မပြောင်းနိုင်ပါဘုရား)။

မပြောင်းနိုင်တာကို ကျောက်ပြောင်းသလို ပြောင်း တယ် ယူပစ်လိုက်တယ် (မှန်ပါ့ဘုရား)၊ မယူဘူးလား. . . (ယူပါတယ်ဘုရား)။

ဘဝပြောင်းသွားရှာပြီ၊ ဘယ့်နှယ်တုံး သုံးကြသလား မသုံးကြဘူးလား (သုံးပါတယ်ဘုရား)။

ဘယ်က ရထားသတုံး ခင်ဗျားတို့ ဒီဒိဋ္ဌိဥစ္စာ၊ မပြော တတ်ပါဘူး၊ ရှေးလူကြီးတွေ ပြောတာနဲ့ နောက်ရောင်ခံပြောတာ (မှန်ပါ့) ပြောင်းနိုင်တဲ့ သတ္တဝါရှိ မရှိ (မရှိပါဘုရား)။

www.dhammadownload.com



မရှိပါဘူးတဲ့၊ တစ်နည်းအားဖြင့် ဝိညာဏ်ကလေးဟာ ဘယ်သူ့ကို စောင့်နေတယ်၊ ခုထက်ထိ မထွက်သေးဘူး၊ ဘာဒိဋ္ဌိတုံး သူဟာ (သဿတဒိဋ္ဌိပါဘုရား)။

ဒါကော မရှိဘူးလား (ရှိပါတယ်)၊ ရှိနေတာပဲဆိုတော့ ဆိုင်းဘုတ်ကတော့ ဗုဒ္ဓဘာသာနော်၊ အယူက သဿတဒိဋ္ဌိ (မှန်ပါ့ဘုရား)။

## ဆိုင်းဘုတ်ကတော့ဗုဒ္ဓဘာသာ

ဆိုင်းဘုတ်က (ဗုဒ္ဓဘာသာပါ) အယူက (သဿတဒိဋ္ဌိပါ)၊ ဒါနဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကို ရဟန်းတွေက သာတိကို ပြောလို့ ဆိုလို့မရတော့ ဘုရားကို သွားလျှောက်တယ်၊ အရှင်ဘုရား. . . သာတိ တစ်ယောက်တော့ သဿတဒိဋ္ဌိအယူ ယူနေပြီဘုရား၊ အရှင်ဘုရား၊ တရားနာတာနဲ့ ဖွဲဖောက်ပြီ၊ အဲဒါကြောင့် သာတိကို ဆုံးမပါဦးဘုရား။

ကဲ. . . ဒါဖြင့် ခေါ်ချေကွာ. . ငါ့အမိန့်နဲ့ သာတိကို ဆိုပြီးသကာလ အခေါ်ခိုင်းလိုက်တယ်၊ ခေါ်လိုက်တော့ သာတိရောက်လာတယ်။

သာတိ-ဘာတုံးကွ မင်းဟာဘယ့်နှယ်ဖြစ်နေသတုံး အရှင်ဘုရား မဟာသဝလည်း ဒီဝိညာဏ်ပါပဲဘုရား၊

www.dhammadownload.com



မဟောသဓာကနေပြီး ဝိဓူရဖြစ်သွားတော့ ဒီဝိညာဏ်ကလေး ပြောင်းသွားတာဘုရား၊ ဒီကနေပြီး သိဒ္ဓတ္ထ ဖြစ်လာတော့. . ဝိညာဏ်ကလေးပြောင်းသွားတာ၊ တပည့်တော် ဒီလိုယူထားပါတယ်။

## သာတိအယူဟာ သာသနာတော်ရဲ့မီးပွား

နို့. . . မင်းပြောတဲ့ ဝိညာဏ်ကို သေသေချာချာ ရှင်းပါဦးကွ၊ အို. . . ဒီဝိညာဏ်က ဘုရားကောင်းတာ, မကောင်းတာခံစားတာ ဒီဝိညာဏ်ကလေးချည်းပဲ၊ ဝိညာဏ်က နိစ္စပေါ့ဗျာ၊ ကောင်းမကောင်းခံစားတာ ဝိညာဏ်ပဲတဲ့။

ဒီတွင်မှ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက 'ဥဿိကတော' ဆိုပြီးသကာလ ဩော်. . . ငါ့ဘုရားသာသနာတော်မှာ မီးပွားကလေးတစ်ခုရောက်လာတယ်၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒိဋ္ဌိမီးပွားရောက်လာတယ် (မှန်ပါ့)၊ ကဲ. . . ဘယ်လောက် အပြစ်ကြီးတယ်ဆိုတာ မောင်မြင့်တို့ မောင်အောင်ချိတို့ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

အင်မတန် ဖြူစင်နေတဲ့ သာသနာတော်ထဲမှာ မီးပွားတစ်ခု ပေါ်လာတာပဲဟေ့တဲ့၊ ဒါလောက် ကြောက်စရာကောင်းတယ်ဆိုတာ ဒကာဒကာမတွေ ရှင်းလာက်ပါပြီ (မှန်ပါ့ဘုရား)။

www.dhammadownload.com



## ဒီတရားမနာရရင်၊ ဘဝကူးတဲ့အယူရှိနေမှာ

အဲဒါ ခင်ဗျားတို့ ဘုန်းကြီးကိုယ့်ကိုယ်ကို ချီးမြှောက်ပြောတယ်လို့ မယူနဲ့၊ ဒီတရားမျိုးကို မနာရလို့ စိတ်ရှင်းရှင်းလင်းလင်းပြောမပေးလို့ရှိရင် သေသည်တိုင်အောင် ဝိညာဏ်ရှိတယ်တဲ့ ခင်ဗျားတို့ ဦးမြရှိ-မရှိ (ရှိပါတယ်ဘုရား)။

ရှိတယ်နော် (မှန်ပါ့) ဘဝကူးကော. . . (ရှိပါတယ်) ဘဝပြောင်းကော (ရှိပါတယ်) ဒါဘာသဘောမကျလို့တုံးဆိုတော့ ဒီသုတ်ကိုမနာရလို့ (မှန်ပါ့)၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

## ဝိညာဏ်က ဒီနေရာမှာပဲချုပ်တယ်

ဒါဖြင့် မောင်အောင်ချီတို့ မောင်မြင့်တို့ ဝိညာဏ်ပြောင်းနိုင်ရဲ့လားဟေ့ (မပြောင်းနိုင်ပါ)၊ ဒီနေရာဖြစ် ဒီနေရာချုပ်တယ် ဘယ်မှာ ပြောင်းစရာ ရှိသေးသတုံး (မရှိပါဘုရား)။

သူ့ကို ဖြစ်စေတဲ့အကြောင်းကိုက အနိစ္စကွာ၊ သူကကော (အနိစ္စပါပဲ) ဘယ်ပြောင်းစရာ ရှိသေးသတုံး၊ ဒီနေရာဖြစ် ဒီနေရာပျောက်ရမှာပဲ။

## ဟိုဘဝမှာဝိညာဏ်အသစ်ပေါ်တာ။

နောက်တစ်ခါ ဟိုဘဝမှာပေါ်တဲ့ ဝိညာဏ်ကလည်း

www.dhammadownload.com



ဟိုဘဝကျမှ အသစ်ပေါ်တာ (မှန်ပါ့) သဘောကျပလား (ကျပါပြီ) ဒီကပါသွားတာ ဟုတ်ကဲ့လား (မဟုတ်ပါ)၊ ဒီက ပါသွားတယ်ဆိုရင် ဘာဒိဋ္ဌိတုံး (သဿတဒိဋ္ဌိပါ)၊ ဟိုကျမှ သူ့အကြောင်းတိုက်ဆိုင်လို့ ပေါ်လာတယ်ဆိုတာကော ကျေနပ်ပလား (ကျေနပ်ပါပြီဘုရား)။

ဟိုကျမှ သူ့မျက်လုံးကဖွင့်လိုက်ပြန်တော့ မျက်လုံး ဝိညာဏ်ပေါ်မှာပဲ၊ မနောနဲ့ဖွင့်လိုက်ရင်. . . (မနောဝိညာဏ် ပေါ်ပါတယ်)၊ မနောဝိညာဏ်ပေါ်မှာပဲဆိုတော့ အသစ် အသစ်ချည်းပဲဆိုတာ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေမှာ ဒီနေ့ည တရားမဆုံးခြားသော်လည်း နာရီစေ့ခြားသော်လည်း ဒိဋ္ဌိ ဝိစိကိစ္ဆာ ပြုတ်ပလား (ပြုတ်ပါပြီဘုရား)။

မင်းတို့ သန္တာန်မှာ ဆယ့်နှစ်ခုရှေးထားတဲ့ ဝိညာဏ် နော် (မှန်ပါ့)၊ မြင်စိတ်ကလေးဆိုရင် စက္ခုဝိညာဏ်နော်၊ မနောဝိညာဏ် အတွင်း ဩဇ္ဈသည်၊ ပြီးတော့ အိမ်သည် နှစ်ခု ဆိုတာလည်း မြဲတာမဟုတ်ဘူး သူတို့လည်း ပျက်တာပဲနော် (မှန်ပါ့ဘုရား)။

အဲဒါလည်း မနောဝိညာဏ်ထဲထည့်လိုက်၊ ဝိညာဏ် ဟူသရွေ့သည် အကြောင်းကြောင့်ပေါ် အကြောင်းကြောင့် ဖြစ်တယ် (မှန်ပါ့ဘုရား)။

www.dhammadownload.com



## အကြောင်းအနိစ္စမို့ အနိစ္စဖြစ်တယ်

ပြီးတော့ ဒီအတိုင်းမြဲသလား ချုပ်သလား (ချုပ်ပါတယ်)၊ နှစ်ကြောင်းကြောင့် ဖြစ်တယ်လို့ သိလိုက်တော့ ဘာစင်သတုံး (ဝိစိကိစ္ဆာစင်ပါတယ်) သူဟာက နှစ်ကြောင်းကိုက အနိစ္စမို့ အနိစ္စဖြစ်တယ်လို့ သိလိုက်တော့ ဘာစင်သတုံး. . . (ဒိဋ္ဌိစင်ပါတယ်) ဒါဖြင့် ဒိဋ္ဌိဝိစိကိစ္ဆာစင်သွားပြီ၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

အဲဒီတော့ သာတိလိုဖြစ်သေးရဲ့လား (မဖြစ်ပါ)၊ သာတိလိုမဖြစ်တော့ဘူးတဲ့၊ ရှင်းကြပလား (ရှင်းပါပြီဘုရား)။

အဲဒီတော့ မင်းတို့သည်ကားလို့ဆိုရင် ရဲရဲတင်းတင်း ရှုဖို့ ဒီနေ့ည ပေးလိုက်တဲ့ တရားပဲ (မှန်ပါ့) ဒကာဒကာမတို့ ဘယ့်နှယ်ဆိုကြမလဲ (ရဲရဲတင်းတင်းရှုဖို့ပါဘုရား)။

ရဲရဲတင်းတင်း ရှုပေး ဘာဖြစ်လို့တုံး၊ သံသယကင်းပြီ၊ ဒီလမ်းသွားပြီး ဒီရောက်တယ်ဆိုတာဘာမှ အန္တရာယ်မရှိဘူး ဆိုရင်ဖြင့် ဘယ်သူကောကြောက်တဲ့ ရွံ့တဲ့စိတ်လာသေးသလား (မလာပါဘုရား)၊ ရဲရဲတင်းတင်း မသွားပေဘူးလား (သွားပါတယ်ဘုရား)။

www.dhammadownload.com



## ရဲရဲတင်းတင်းသာဖြစ်ပျက်ဆီလွှတ်

ထို့အတူပဲတဲ့ မင်းတို့ကြောက်တော့မနေနဲ့၊ ရဲရဲတင်းတင်းသာ ဖြစ်ပျက်ဆီကိုလွှတ်တော့ မင်းတို့ကို တားမည့်လူမရှိတော့ဘူး (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီ)၊ သဘောပါပြီနော်. . . (မှန်ပါ့ဘုရား)။

ကဲ. . . ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု . . . သာဓု . . . သာဓု . . .